

ကမ္ဘာလုံးဆိုင်ရာ ပညာရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ အကျဉ်းချုပ်

၂၀၂၀/၂၁

ပညာရေးတွင် အစိုးရမဟုတ်သည့် ပါဝင်ပတ်သက်သူများ

ရွေးချယ်ခွင့်ရှိသူ မည်သူနည်း။ ဆုံးရှုံးသူ မည်သူနည်း။

unesco

Sustainable Development Goals

Global Education Monitoring Report

ကမ္ဘာလုံးဆိုင်ရာ ပညာရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ အကျဉ်းချုပ်



ပညာရေးတွင် အစိုးရမဟုတ်သည့် ပါဝင်ပတ်သက်သူများ

ရွေးချယ်ခွင့်ရှိသူ မည်သူနည်း။ ဆုံးရှုံးသူ မည်သူနည်း။

ပညာရေး ၂၀၃၀ Incheon ကြေညာစာတမ်းနှင့် လုပ်ဆောင်ချက် မူဘောင်က ကမ္ဘာလုံးဆိုင်ရာ ပညာရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ၏ လုပ်ပိုင်ခွင့်ကို "SDG 4 နှင့် အခြားသော SDGs များ၏ ပညာရေးဆိုင်ရာ လုပ်ဆောင်ချက်များကို စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ ယန္တရား" အဖြစ် သတ်မှတ်သည်။ "SDG လိုက်နာဆောင်ရွက်ချက်များနှင့် သုံးသပ်ချက်များအတွက် သက်ဆိုင်ရာ မိတ်ဖက်များအားလုံး ၎င်းတို့၏ တာဝန်ယူလုပ်ဆောင်ရန် ကတိကဝတ်ပြုထားသည့် အမျိုးသားအဆင့်နှင့် နိုင်ငံတကာမဟာဗျူဟာများ အကောင်အထည်ဖော်မှုအပေါ် အစီရင်ခံတင်ပြရန် တာဝန်ရှိသည်။" ၎င်းကို UNESCO မှ ကြီးမှူးကာ လွတ်လပ်သောအဖွဲ့မှ ပြင်ဆင်ပေးသည်။

ဤထုတ်ဝေမှုပါ ဒီဇိုင်းများနှင့် အကြောင်းအရာများ၏ တင်ပြချက်များသည် တရားဝင်အုပ်ချုပ်လျက်ရှိသော မည်သည့်နိုင်ငံ၊ နယ်မြေ၊ မြို့ သို့မဟုတ် ဧရိယာ သို့မဟုတ် ၎င်း၏ အာဏာပိုင်များ၏ တရားဝင် အဆင့်အတန်း သို့မဟုတ် ၎င်း၏နယ်နိမိတ်များ သို့မဟုတ် နယ်နိမိတ်မျဉ်းများနှင့် စပ်လျဉ်း၍ UNESCO ဘက်မှ မည်သည့် ထင်မြင်ယူဆချက်ကိုမဆို အဓိပ္ပာယ်ဖွင့်ဆိုခြင်း မဟုတ်ပါ။

ဤစာအုပ်တွင်ပါရှိသော အချက်အလက်များနှင့် ဖော်ပြထားသော ထင်မြင်ယူဆချက်များကို ရွေးချယ်ခြင်းနှင့် တင်ပြခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ပညာရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာအဖွဲ့သည် အလုံးစုံတာဝန်ရှိပြီး၊ UNESCO အဖွဲ့အစည်းနှင့် သက်ဆိုင်ခြင်းမရှိပါ။ အစီရင်ခံစာပါ အမြင်များနှင့် ထင်မြင်ယူဆချက်များကို ၎င်း၏ ဒါရိုက်တာမှ အလုံးစုံတာဝန်ယူပါသည်။

ကမ္ဘာလုံးဆိုင်ရာ ပညာရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာအဖွဲ့

ဒါရိုက်တာ – Manos Antoninis

Diaiel April, Bilal Barakat, Marcela Maria Barrios Rivera, Madeleine Barry,Katherine Black, Nicole Bella, Celia Eugenia Calvo Gutierez, Daniel Caro Vasquez, Anna Cristina D'Addio, Dimitra Dafalia, Dmitri Davydov, Francesca Endrizzi, Constanza Ginestra, Chandni Jain, Priyadarshani Joshi, Maria-Rafaela Kaldi, Josephine Kiyenje, Craig Laird, Katie Lazaro, Kate Linkins, Camila Lima De Moraes, Kassiani Lythrangomitis, Anissa Mechtar, Claudine Mukizwa, Yuki Murakami, Manuela Pombo Polanco, Judith Randrianovat, Laura Stipanovic, Ulrich Janse van Vuuren, Juliana Zapata, Lema Zekrya and Jiaheng Zhou.

ကမ္ဘာလုံးဆိုင်ရာ ပညာရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာသည် အမှီအခိုကင်းသော နှစ်စဉ်ထုတ်ဝေမှုတစ်ခုဖြစ်သည်။ GEM အစီရင်ခံစာကို အစိုးရများ၊ ဘက်စုံအေဂျင်စီများနှင့် ပုဂ္ဂလိကဖောင်ဒေးရှင်းများမှ ရန်ပုံငွေထောက်ပံ့ထားပြီး UNESCO မှ ပံ့ပိုးကူညီဆောင်ရွက်ပေးပါသည်။

Australian Aid
Bill & Melinda Gates foundation
Canada
التعليم فوق الجميع | education above all
MINISTÈRE DE L'EUROPE ET DES AFFAIRES ÉTRANGÈRES
Liberté Égalité Fraternité
Federal Ministry for Economic Cooperation and Development
Irish Aid
Rialtas na hÉireann
Government of Ireland
Italian Development Cooperation
Ministry of Foreign Affairs and International Cooperation
mastercard foundation
OPEN SOCIETY FOUNDATIONS
Norwegian Ministry of Foreign Affairs
Sida
SWEDISH INTERNATIONAL DEVELOPMENT COOPERATION AGENCY
Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Agency for Development and Cooperation SDC
UKaid
from the British people
UNGEI
United Nations Girls' Education Initiative
unesco

ဤထုတ်ဝေမှုကို Attribution–ShareAlike 3.0 IGO (CC–BY–SA 3.0 IGO) လိုင်စင် (http://creativecommons.org/licenses/by–sa/3.0/igo/) အောက်တွင် Open Access ဖြင့် ရနိုင်ပါသည်။ ဤထုတ်ဝေမှု၏ အကြောင်းအရာကို အသုံးပြုခြင်းဖြင့်၊ အသုံးပြုသူများသည် UNESCO Open Access Repository (http://www.unesco.org/open–access/terms–use–ccbysa–en) ၏ အသုံးပြုမှု စည်းကမ်းချက်များကို လက်ခံသည်။

လက်ရှိလိုင်စင်သည် ထုတ်ဝေမှု၏ စာသားအကြောင်းအရာနှင့် သီးသန့်သက်ဆိုင်ပါသည်။ ယူနက်စကိုပိုင်အဖြစ် ရှင်းရှင်းလင်းလင်းမဖော်ပြထားသော မည်သည့်ပစ္စည်းကိုမဆို အသုံးပြုရန်အတွက် ၊ publication.copyright@unesco.org သို့မဟုတ် UNESCO Publishing 7၊ place de Fontenoy၊ 75352 Paris 07 SP France မှ ကြိုတင်ခွင့်ပြုချက်တောင်းခံရမည်။

လက်ရှိလိုင်စင်သည် စာသားများနှင့်သာ သက်ဆိုင်ပါသည်။ ပုံများကိုအသုံးပြုရန်အတွက် ကြိုတင်ခွင့်ပြုချက်တောင်းခံရမည်။

UNESCO သည် Open Access ထုတ်ဝေသူဖြစ်ပြီး ပုံနှိပ်ထုတ်ဝေမှုများအားလုံးကို ယူနက်စကို၏ မှတ်တမ်းများ စုစည်းထားမှုမှတစ်ဆင့် အခမဲ့ရရှိနိုင်ပါသည်။ ယူနက်စကိုမှ ၎င်း၏ထုတ်ဝေမှုများကို စီးပွားဖြစ်ပြုလုပ်ခြင်းသည် စာရွက်များ ပုံနှိပ်ခြင်း သို့မဟုတ် စီဒီများတွင် ကူးယူခြင်းနှင့် ဖြန့်ဖြူးခြင်းအတွက် အမှန်တကယ် ကုန်ကျစရိတ်များအတွက် ပြန်လည်ကောက်ခံခြင်း ဖြစ်သည်။ အကျိုးအမြတ်အတွက် ဆောင်ရွက်ခြင်း မရှိပါ။

အင်္ဂလိပ်မူရင်းခေါင်းစဉ် – Global Education Monitoring Report Summary 2021/2022: Non–state actors in education: Who chooses? Who loses?

ဤထုတ်ဝေမှုကို ကိုးကားမည်ဆိုပါက UNESCO. 2021. Global Education Monitoring Report Summary 2021/2022: Non–state actors in education: Who chooses? Who loses? Paris, UNESCO. ဟူ၍ ကိုးကားနိုင်သည်။



ပိုမိုသိရှိလိုပါက၊ ဆက်သွယ်ရန် –

ကမ္ဘာလုံးဆိုင်ရာ ပညာရေး စောင့်ကြည့်လေ့လာရေး
အစီရင်ခံစာ အဖွဲ့

UNESCO,

7, Place de Fontenoy

75352 Paris 07 SP, France

အီးမေးလ် – gemreport@unesco.org

Tel.: +33 1 45 68 07 41

www.unesco.org/gemreport

အမှားအယွင်းများ သို့မဟုတ် ကျန်နေခဲ့သည့် အချက်များကို ပုံနှိပ်ရာတွင် နောက်ဆက်တွဲ တွေ့ရှိရပါက အွန်လိုင်းဗားရှင်းမှာ ပြင်ပေးပါမည်။

www.unesco.org/gemreport

© UNESCO, 2022
မူပိုင်ခွင့်ကို လက်ဝယ်ပိုင်ဆိုင်ထားသည်။

ဒုတိယအကြိမ်ထုတ်ဝေမှု
ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့
7, Place de Fontenoy, 75352
Paris 07 SP, France မှ 2021 ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

စာစီစာရိုက် – UNESCO
ဂရပ်ဖစ်ဒီဇိုင်း – Optima Graphic Design Consultants Ltd.
အပြင်အဆင် – Optima Graphic Design Consultants Ltd

ကမ္ဘာလုံးဆိုင်ရာ ပညာရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ စီးရီး

၂၀၂၁/၂၂	ပညာရေးတွင် အစိုးရမဟုတ်သည့် ပါဝင်ပတ်သက်သူများ – ရွေးချယ်ခွင့် ရှိသူ မည်သူနည်း။ ဆုံးရှုံးသူ မည်သူနည်း။
၂၀၂၀	အကျုံးဝင်မှုနှင့် ပညာရေး – တစ်ဦးမကျန် ပါဝင်စေရမည်။
၂၀၁၉	ရွှေ့ပြောင်းသွားလာခြင်း၊ နေရပ်စွန့်ခွာခြင်းနှင့် ပညာရေး – တံတိုင်းများမဟုတ်၊ ပေါင်းကူးတံတားများ တည်ဆောက်ခြင်း။
၂၀၁၇/၈	ပညာရေးတွင် တာဝန်ခံမှု – ကျွန်ုပ်တို့၏ ကတိကဝတ်များကို ဖြည့်ဆည်းပေးခြင်း။
၂၀၁၆	လူများနှင့် ကမ္ဘာကြီးအတွက် ပညာရေး – အားလုံးအတွက် ရေရှည်တည်တံ့သော အနာဂတ်ကို ဖန်တီးခြင်း။

EFA ကမ္ဘာလုံးဆိုင်ရာ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ စီးရီး

၂၀၁၅	၂၀၀၀–၂၀၁၅ လူတိုင်းအတွက် ပညာရေး – အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ။
၂၀၁၃/၄	သင်ကြားရေးနှင့် သင်ယူမှု – လူတိုင်းအတွက် အရည်အသွေးပြည့်မီခြင်း။
၂၀၁၂	လူငယ်နှင့် ကျွမ်းကျင်မှု – ပညာရေးမှ အလုပ်ခွင်ဆီသို့။
၂၀၁၁	ပုန်းကွယ်နေသည့် ပြဿနာ၊ လက်နက်ကိုင် ပဋိပက္ခနှင့် ပညာရေး။
၂၀၁၀	ဘေးဖယ်ခံ လူအုပ်စုများသို့ ရောက်ရှိခြင်း။
၂၀၀၉	မညီမျှမှုကို ကျော်လွှားခြင်း – အုပ်ချုပ်ရေးသည် အဘယ်ကြောင့် အရေးကြီးသနည်း။
၂၀၀၈	၂၀၁၅ ခုနှစ်တွင် လူတိုင်းအတွက် ပညာရေး – ကျွန်ုပ်တို့ ဆောင်ရွက်နိုင်မည်လား။
၂၀၀၇	ခိုင်မာသော အခြေခံအုတ်မြစ်များ – ရှေးဦးကလေးသူငယ် စောင့်ရှောက်မှုနှင့် ပညာရေး။
၂၀၀၆	ဘဝအတွက် စာတတ်မြောက်ရေး။
၂၀၀၅	လူတိုင်းအတွက် ပညာရေး – အရည်အသွေးလိုအပ်ချက်။
၂၀၀၄/၅	လူတိုင်းအတွက် ကျား မနှင့် ပညာရေး – တန်းတူညီမျှမှုဆီသို့ လျှောက်လှမ်းခြင်း။
၂၀၀၂	လူတိုင်းအတွက် ပညာရေး – ကမ္ဘာကြီးက မှန်ကန်သော လမ်းကြောင်းပေါ်ရောက်နေပြီလား။

မျက်နှာဖုံးဓာတ်ပုံ – Jaap Joris Vens / Super Formosa Photography

စာတန်း – Different routes to school, the Netherlands

သရုပ်ဖော်ပုံများ – Housatonic SRL Unipersonale

ကာတွန်းများ – Julio Carrión Cueva (Karry) နှင့် Miguel Morales Madrigal

အင်ဖိုဂရပ်ဖစ်– Housationaic SRL Unipersonale

ED–2021/WS/38

ဤအကျဉ်းချုပ်အစီရင်ခံစာနှင့် ဆက်စပ်ပစ္စည်းများအားလုံးကို ဤနေရာ http://bit.ly/2021gemreport တွင် ဒေါင်းလုဒ်ရယူနိုင်ပါသည်။

ယူနက်စကို/ ဓာတ်ပုံ credit: UNICEF/Olivie Asseli

ပညာရေးတွင် အစိုးရ မဟုတ်သော ပါဝင်ပတ်သက်သူများ ၁

အဓိကအချက်များ ၁
အများဆိုင် အစိုးရကျောင်းပညာရေးကို ထောက်ခံအားပေးမှုသည် အားကောင်းနေသည် ၄
အမျိုးမျိုးသော စောဒကတက်မှုများသည် အစိုးရ မဟုတ်သောသူများ၏ ပညာရေး ဝန်ဆောင်မှုများကို
ထောက်ခံရန်နှင့် ဆန့်ကျင်ရန်စသည့် အငြင်းပွားမှုများကို ဖြစ်ပေါ်စေပါသည် ၅
ပညာရေးတွင် အစိုးရနှင့် အစိုးရ မဟုတ်သော ပါဝင်ပတ်သက်သူများနှင့် သက်ဆိုင်သော ယုံတမ်းစကားများ ၈
ပညာရေး ပံ့ပိုးပေးမှု ၁၄
အုပ်ချုပ်မှုနှင့် စည်းမျဉ်းတင်းကြပ်မှု ၁၇
ဘဏ္ဍာရေး ၁၉
သြဇာလွှမ်းမိုးမှု ၂၁
ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ပညာရေး ၂၃
အဆင့်မြင့်ပညာရေး ၂၅
နည်းပညာ၊ အသက်မွေးဝမ်းကျောင်းမှု နှင့် အရွယ်ရောက်ပြီးသူ ပညာရေး ၂၈
အကြံပြုချက်များ ၃၀

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များတွင် ပညာရေးကို စောင့်ကြည့်လေ့လာခြင်း ၃၇

နိုင်ငံများသည် နိုင်ငံအလိုက် SDG 4 စံနှုန်းများကို တင်သွင်းခဲ့ကြသည် ၃၇
COVID-19 ..... ၃၉
ရည်မှန်းချက် ၄.၁ – မူလတန်းနှင့် အလယ်တန်းနှင့် အထက်တန်းပညာရေး ၄၃
ရည်မှန်းချက် ၄.၂ – ကလေးဘဝ အစောပိုင်း ၄၅
ရည်မှန်းချက် ၄.၃ – နည်းပညာ၊ အသက်မွေးဝမ်းကျောင်း၊ အဆင့်မြင့်နှင့် အရွယ်ရောက်ပြီးသူ ပညာရေး ၄၅
ရည်မှန်းချက် ၄.၄ – လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှုများ ၄၇
ရည်မှန်းချက် ၄.၅ – သာတူညီမျှမှု ၄၈
ရည်မှန်းချက် ၄.၆ – စာတတ်မြောက်မှုနှင့် အတွက်အချက် ကျွမ်းကျင်မှု ၄၈
ရည်မှန်းချက် ၄.၇ – စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံသားဖြစ်မှု ၅၀
ရည်မှန်းချက် ၄ (က) – ပညာရေးထောက်ကူပစ္စည်းများနှင့် သင်ယူမှုဝန်းကျင် ၅၁
ရည်မှန်းချက် ၄ (ခ) – ပညာသင်ဆုများ ၅၁
ရည်မှန်းချက် ၄ (ဂ) – ဆရာ/ဆရာမများ ၅၂
အခြား SDGs များရှိ ပညာရေး ၅၄
ဘဏ္ဍာရေးစောင့်ကြည့်ခြင်း ၅၄


Academy

ပညာရေးတွင် အစိုးရ မဟုတ်သော ပါဝင်ပတ်သက်သူများ

အဓိကအချက်များ

အစိုးရမဟုတ်သောသူများ ပါဝင်ပတ်သက်ခြင်းမရှိသော ပညာရေးဟူ၍မရှိပါ။

အစိုးရ မဟုတ်သော ပါဝင်ပတ်သက်သူများ မရှိလျှင် ကလေးငယ် သန်း ၃၅၀ ကျော်၏ ပညာရေးသည် နိုင်ငံတော်၏ တာဝန်ဝတ္တရားအဖြစ် ကျရောက်မည်ဖြစ်သည်။ သို့သော် အစိုးရ မဟုတ်သောသူများ ပညာရေးတွင် ပါဝင်လာခြင်းက အသုံးပြုသည့် ပုံနှိပ်စာအုပ်များ၊ ကျောင်းကန်တင်းများရှိ အစားအစာ၊ ထပ်လောင်းရရှိသည့် ပံ့ပိုးမှု၊ သင်ယူမှုစွမ်းရည်များနှင့် အခြားအရာများစွာကိုလည်း သက်ရောက်မှုရှိသည်။

ပြည်သူအများစုသည် အစိုးရကျောင်းပညာရေးကို ထောက်ခံကြသည်။

ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေမြင့်နိုင်ငံ ၃၄ နိုင်ငံတွင် လူလေးဦးလျှင် သုံးဦးသည် နိုင်ငံ၏ မည်မျှမှု တိုးမြင့်လာခြင်းကြောင့် အများအသုံးစရိတ်ကို ပညာရေးတွင် သုံးစွဲခြင်းကို ပိုမိုနှစ်သက်ကြသည်။ လူဆယ်ယောက်တွင် ကိုးယောက်ကလည်း ပညာရေးသည် အခြေခံအားဖြင့် အများဆိုင် ကျောင်းပညာရေး ဖြစ်သင့်သည်ဟု ထင်ကြသည်။

သို့သော် ထိုသို့သော ထောက်ပံ့မှုသည် ဝင်ငွေနည်းနှင့် အလယ်အလတ်ရှိသော နိုင်ငံအများအပြားတွင် တဖြည်းဖြည်း ဆုတ်ယုတ်သွားခဲ့သည်။

အများဆိုင် အစိုးရကျောင်းများ ရှားပါးလာကာ အရည်အသွေးများ ယိုယွင်းလာသောအခါ မိသားစုများစွာက အများဆိုင် အစိုးရကျောင်းများမှ ထွက်ခဲ့ကြသည်။ ကမ္ဘာတစ်ဝှမ်းရှိ ပုဂ္ဂလိကကျောင်းများ၏ အချိုးသည် ၁၀ နှစ်ခန့်အတွင်း ၇ ရာခိုင်နှုန်း တိုးလာသည်။ ၂၀၁၃ ခုနှစ်တွင် မူလတန်းသည် ၁၇ ရာခိုင်နှုန်းနှင့် ၂၀၁၄ ခုနှစ်တွင် အလယ်တန်း ပညာရေးသည် ၂၆ ရာခိုင်နှုန်းအထိ တိုးလာခဲ့သည်။ အကြမ်းဖျင်းအားဖြင့် ထိုရာခိုင်နှုန်းများသည် ယခုအချိန်ထိ ပြောင်းလဲမှု မရှိသေးပါ။ အာရှအလယ်ပိုင်းနှင့် တောင်ပိုင်းတွင် ပုဂ္ဂလိကကျောင်းအပ်နှံမှုအချိုးမှာ မူလတန်းတွင် ၃၆ ရာခိုင်နှုန်းနှင့် အလယ်တန်းပညာရေးတွင် ၄၈ ရာခိုင်နှုန်းဖြစ်သည်။

အများဆိုင် အစိုးရ ကျောင်းပညာရေးသည် အခမဲ့ မဟုတ်ပါ။

ကမ္ဘာတစ်ဝှမ်းလုံးတွင် ပညာရေးအသုံးစရိတ် စုစုပေါင်း၏ ၃၀ % ကို အိမ်ထောင်စုများက ပေးဆောင်ကြရပြီး၊ ဝင်ငွေနည်းသောနှင့် အလယ်အလတ် ဝင်ငွေနည်းနိုင်ငံများတွင် ၃၉ % ပေးဆောင်ကြရသည်။ အသုံးစရိတ် တစ်စိတ်တစ်ပိုင်းသည် ချမ်းသာသော မိသားစုများမှ သားသမီးများကို အပြိုင်အဆိုင် အခွင့်ကောင်းများပေးရန် သုံးစွဲသည်။ သို့သော် ပညာရေးအသုံးစရိတ် အများစုကို အစိုးရများက အခမဲ့ပေးဆောင်ရန် ကတိပြုထားသည့် မူလတန်းကြို၊ မူလတန်းနှင့် အလယ်တန်းပညာရေးအတွက် သုံးစွဲပါသည်။ မိသားစုများ၏ ၈% ခန့်သည် ပညာရေးအတွက် ချေးငွေများ ယူကြပြီး ဝင်ငွေနည်းနိုင်ငံများတွင် ၁၂% နှင့် ဟောတီ၊ ကင်ညာ၊ ဖိလစ်ပိုင်နှင့် ယူဂန်ဒါတို့တွင် ၃၀% သို့မဟုတ် ထို့ထက်ပို၍ တိုးလာကြသည်။

တစ်ခါတစ်ရံတွင် အများဆိုင် အစိုးရကျောင်းပညာရေးသည် လူတိုင်းအတွက် အကျုံးဝင်ခြင်းမရှိပါ။

အများဆိုင် အစိုးရကျောင်းပညာရေးစနစ်များစွာသည် လူမှုရေး ခွဲခြားခြင်းနှင့် ဖယ်ကျဉ်ခြင်းကို တားဆီးရန် ပျက်ကွက်ခဲ့သည်။ နိုင်ငံတကာ ကျောင်းသားအကဲဖြတ်မှု အချက်အလက်များအရ ကျောင်းများရှိ လူမှုရေး ကွဲပြားမှု အညွှန်းကိန်းတစ်ခုတွင် အာဂျင်တီးနား၊ ဘရာဇီး၊ ချီလီနှင့် မက္ကဆီကို နိုင်ငံတို့တွင် အလားတူ လူမှုရေး ခွဲခြားမှု မြင့်မားသော အဆင့်များရှိကြောင်း ၂၀၁၈ ခုနှစ်တွင် တွေ့ရှိခဲ့သည်။ သို့သော် ချီလီနိုင်ငံ တစ်ခုတည်းသာ ၎င်း၏ပညာရေးစနစ်တွင် ပုဂ္ဂလိကကျောင်းများ မြင့်မားနေမှုအတွက် ဝေဖန်ခံရသည်။

ပညာရေးဝန်ဆောင်မှု အမျိုးအစားတစ်ခုတည်းက အခြားပညာရေး ဝန်ဆောင်မှုများထက် သာလွန်သော ပညာရေးအရည်အသွေးများကို မပေးဆောင်နိုင်ပါ။

ဝင်ငွေနည်းနှင့် အလယ်အလတ်ရှိသော နိုင်ငံ ၃၀ မှ အချက်အလက်များအရ အိမ်ထောင်စုလက္ခဏာများကို တွက်ချက်ပြီးသည်နှင့် ချို့တဲ့ကျောင်းသားများ ပုဂ္ဂလိက ကျောင်းတက်ခြင်းအတွက် ထောက်ပံ့မှုသည် ထက်ဝက်မှ သုံးပုံ နှစ်ပုံအထိ ကျဆင်းသွားသည် ။ နိုင်ငံပေါင်း ၄၉ နိုင်ငံ၏ နမူနာတွင် အချမ်းသာဆုံးသူများသည် ဆင်းရဲသားများထက် ပုဂ္ဂလိကကျောင်းတက်ရန် ဆယ်ဆနီးပါး ပိုများသည်။ ထိုကဲ့သို့ ကျောင်းများကို ရွေးချယ်နိုင်သော မိဘများသည် အရည်အသွေးနှင့် ပတ်သက်၍ လုံလောက်သော သတင်းအချက်အလက် မရရှိနိုင်သောကြောင့် အရည်အသွေးထက် ဘာသာရေးယုံကြည်ချက်၊ သက်သောင့်သက်သာဖြစ်မှုနှင့် ကျောင်းသားများ၏ ဝိသေသ လက္ခဏာများပေါ် မူတည်၍ ကျောင်းများကို ရွေးချယ်ကြသည်။

လိုအပ်ချက် မြင့်မားသောနေရာများတွင် စည်းမျဉ်းများဖြင့် ကြီးကြပ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အားကောင်းစေရန် လုပ်ဆောင်နိုင်မှု နည်းပါးနေပါသည်။

PEER ဝဘ်ဆိုက်အတွက် ပညာရေးစနစ် ၂၁၁ ခုကို ခွဲခြမ်းစိတ်ဖြာရာတွင် စည်းမျဉ်းများဖြင့် ကြီးကြပ်ခြင်းသည် မှတ်ပုံတင်ခြင်း၊ ခွင့်ပြုချက် သို့မဟုတ် လိုင်စင်ပေးခြင်း (၉၈ %)၊ ဆရာဖြစ်လက်မှတ်ပေးခြင်း (၉၃ %)၊ အခြေခံအဆောက်အဦး (၈၀ %) နှင့် ကျောင်းသား/ဆရာအချိုး (၇၄ %) တို့အပေါ် အာရုံစိုက်လေ့ရှိကြောင်း ပြသသည်။ စည်းမျဉ်းများသည် အရည်အသွေး သို့မဟုတ် သာတူညီမျှမှုကို အာရုံစိုက်ရန် ဖြစ်နိုင်ခြေအနည်းဆုံးဖြစ်သည်။ ၆၇ % သည် အခကြေးငွေသတ်မှတ်မှုကို ထိန်းညှိခြင်း၊ ၅၅ % သည် အစိုးရမဟုတ်သော ကျောင်းများတွင် ရွေးချယ်ထားသော ကျောင်းသားဝင်ခွင့် လုပ်ငန်းစဉ်များကို တားဆီးခြင်း၊ ၂၇ % သည် အမြတ်ထုတ်ခြင်းကို တားဆီးခြင်း ဖြစ်ပြီး၊ ၇ % ကသာ ချို့တဲ့သောအုပ်စုများကို ပညာသင်ခွင့်ပေးသည်။ နိုင်ငံများ၏ ၄၈ % တွင် ကိုယ်ပိုင်ကျူရှင်ကို ကြီးကြပ်ခြင်းမရှိဘဲ၊ နိုင်ငံများ၏ ၁၁ % တွင် စီးပွားရေးဆိုင်ရာဥပဒေများတွင်သာ ကန့်သတ်ထားသည်။

အစိုးရမဟုတ်သောသူများသည် ရေးဦးအရွယ် ကလေးဘဝ၊ နည်းပညာ၊ အဆင့်မြင့်ပညာရေးနှင့် အရွယ်ရောက်ပြီးသူများ၏ ပညာရေးတို့တွင် ပို၍ပင် ပါဝင်ကြသည်။

ဤသည်မှာ တစ်ခါတစ်ရံတွင် သာတူညီမျှမှုနှင့် အရည်အသွေးကို ထိခိုက်စေပါသည်။ ယေဘုယျအားဖြင့် အစိုးရမဟုတ်သောသူများ၏ ကုန်ကျစရိတ် မြင့်မားသော ရေးဦးအရွယ် ကလေးဘဝပညာရေးနှင့် အဆင့်မြင့် ပညာရေး အင်စတီကျူးရှင်းများတွင် မြို့ပြရှိ အထက်တန်းလွှာများ များစွာတက်ရောက်သင်ကြားကြသည်။ အမေရိကန်ပြည်ထောင်စုတွင် အမြတ်အစွန်း အများဆုံးရနေသော တက္ကသိုလ်များတွင်လည်း ကျောင်းသားများ၏ရလဒ်များ ယိုယွင်းမှုရှိနေသည်။ ဩစတြေးလျ၏ TVET FEE-HELP ချေးငွေပရိုဂရမ်နှင့် အိန္ဒိယအမျိုးသားကျွမ်းကျင်မှု ဖွံ့ဖြိုး

တိုးတက်ရေး ကော်ပိုရေးရှင်းကဲ့သို့သော စျေးကွက်ပြိုင်ဆိုင်မှု သို့မဟုတ် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးစနစ်များမှ တစ်ဆင့် ပုဂ္ဂလိကသင်တန်းများ ပံ့ပိုးပေးနေသည့် အဖွဲ့အစည်းများကို ပုဂ္ဂလိက ဝန်ဆောင်မှု အရည်အသွေးကို တိုးမြှင့်ရန်နှင့် အလုပ်အကိုင်ရရှိမှုရလဒ်များ တိုးတက်စေရန်အတွက် တာဝန်ခံမှုနှင့် စောင့်ကြည့်ရေး လုပ်ငန်းစဉ်များကို ပြန်လည်စဉ်းစားရန် တွန်းအားပေးခဲ့သည်။

အစိုးရများသည် ပညာရေးအဖွဲ့အစည်းများ၊ ကျောင်းသားများနှင့် ဆရာများအားလုံးကို စနစ်တစ်ခု၏ အစိတ်အပိုင်းအဖြစ် သိမြင်ရန် လိုအပ်ပါသည်။

စံချိန်စံညွှန်းများ၊ သတင်းအချက်အလက်များ၊ မက်လုံးများနှင့် တာဝန်ခံမှုများသည် အစိုးရများကို လူတိုင်းအတွက် ပညာရေးအခွင့်အရေးကို ကာကွယ်ရန်၊ လေးစားလိုက်နာပြီး ဖြည့်ဆည်းပေးရန် ကူညီပေးပြီး၊ အခွင့်ထူးခံများ သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းများကို ကာကွယ်ပေးသည်။ အများဆိုင် ကျောင်းပညာရေးကို အစိုးရကသာ ပေးအပ်ရန် မလိုအပ်သော်လည်း ပညာရေး လုပ်ငန်းစဉ်များ၊ ကျောင်းသားရလဒ်များနှင့် ဆရာများ၏ လုပ်ငန်းခွင် အခြေအနေ ကွာဟမှုကို ကိုင်တွယ်ဖြေရှင်းသင့်ပါသည်။ ထိရောက်မှုနှင့် ဆန်းသစ်တီထွင်မှုတို့သည် စီးပွားရေးဆိုင်ရာ အရေးကိစ္စ မဟုတ်ပါ။ ၎င်းတို့ကို လူတိုင်းက ဖြန့်ကျက်ပြီး ကျင့်သုံးသင့်ပါသည်။ ၎င်းတို့ အောင်မြင်ရန်၊ ပြည်သူ့ပညာရေးမူဝါဒ လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှုနှင့် ခိုင်မာမှုရှိရန် လိုအပ်ပါသည်။

ပညာရေးကို အစိုးရများကသာ အမြဲဦးဆောင်နေခြင်း မဟုတ်ပါ။ သမိုင်းကြောင်းအရ ပညာရေးကို ဘာသာရေး၊ မိသားစုနှင့် အသင်းအဖွဲ့တို့က တိုက်ရိုက်သော်လည်းကောင်း၊ မသိသာသော ပုံစံဖြင့်လည်းကောင်း ပေးခဲ့ကြပါသည်။ ၁၉ ရာစုနှောင်းပိုင်းမှစ၍ ပြည်နယ်များသည် ပညာတတ်လုပ်သားများမှ တစ်ဆင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် အစိုးရကျောင်းများမှတစ်ဆင့် အမျိုးသားရေးလက္ခဏာကို ခိုင်ခံ့စေပြီး၊ ဖွံ့ဖြိုးတိုးတက်လာစေရန် အခွင့်အလမ်းများကို မြင်တွေ့ခဲ့ပါသည်။ လူ့အဖွဲ့အစည်းနှင့် စီးပွားရေးအတွက် ပိုမိုကျယ်ပြန့်သော အကျိုးကျေးဇူးများကြောင့် ဤငွေကုန်ကြေးကျများသော အများပိုင် ပညာရေးတစ်ရပ် ပေးဆောင်ရန် အစိုးရများက ပြင်ဆင်ခဲ့ကြသည်။ ၂၀ ရာစုတွင် လွတ်လပ်ရေးရပြီးစ နိုင်ငံများအတွက် အစိုးရအများပိုင် ပညာရေးစနစ်တည်ဆောက်ခြင်းသည် ကိုလိုနီစနစ်မှ လွတ်မြောက်ခြင်း၏ အမှတ်အသားတစ်ခုလည်းဖြစ်သည်။ အများပိုင် ပညာရေးသည် မွန်မြတ်သော အတွေးအခေါ်များ သို့မဟုတ် အုပ်ချုပ်သူ အယူဝါဒများကို မြှင့်တင်ရန် အမြဲတစေ ရည်ရွယ်ပါသည်။ စနစ်သစ် ပညာရေးက ယခင်ပညာရေး၏ ဖွဲ့စည်းပုံများကို ဝါးမျိုကာ ရှေးရိုးပညာရေးစနစ်များ ပျောက်ကွယ်ခဲ့ကြသည်။

ပညာရေးသည် လူတစ်ဦးတစ်ယောက် ကောင်းစားရေးလည်းဖြစ်သည်။ ပညာကို ပိုမိုလေ့လာသင်ယူခွင့်ရခြင်းက လူတစ်ဦး၏ အခွင့်အလမ်းများကို တိုးတက်စေသလို၊ အခြားသူများကို ထိုအခွင့်အလမ်းများ မရရှိစေရန် ဆောင်ရွက်ပေးသည်။ ပညာရေး လှေကားထစ်ကို အဆင့်မြင့်မြင့် တက်လှမ်းနိုင်သူများသည် လူနေမှုအဆင့်အတန်း မြင့်မားစွာ နေထိုင်နိုင်ပြီး၊ အကျိုးအမြတ်များစွာလည်း ပြန်ရတတ်ကြသည်။ ပညာရေးစနစ်များသည် လူတိုင်းကို အဆင့်မြှင့်တင်ပေးရန် မဆောင်ရွက်နိုင်သောကြောင့် မိသားစုများသည် ၎င်းတို့၏ သားစဉ်မြေးဆက်များ ထိပ်တန်းသို့ ရောက်ရှိရန်အတွက် တတ်နိုင်သမျှ လုပ်ဆောင်ကြသည်။ ထိုသို့သော ပြိုင်ဆိုင်မှုက ပညာရေးဆိုင်ရာ အရင်းအမြစ်နှင့် ဝန်ဆောင်မှုများ ထောက်ပံ့ပေးရန် လိုလားချက်များ ရှိလာသည်။ နိုင်ငံ၏ အခြေအနေနှင့် သဘောထားပေါ် မူတည်၍ အကျိုးကျေးဇူးများ ပေးစွမ်းနိုင်သော ပညာရေးဝန်ဆောင်မှုများကို တိုက်ရိုက်ပံ့ပိုးပေးခြင်းဖြင့် ပုဂ္ဂလိကပညာရေး စျေးကွက်များ ပေါ်ပေါက်လာနိုင်သည်။

အများဆိုင် အစိုးရကျောင်းပညာရေးကို ထောက်ခံအားပေးမှုသည် အားကောင်းနေသည်။

ပညာရေးရွေးချယ်မှုများက ကလေးများ၏ဘဝများကို အဆုံးအဖြတ်ပေးပါသည်။ မိဘများအနေဖြင့် ငွေကြေးကုန်ကျစရိတ်နှင့် အကျိုးခံစားခွင့်များကို ရိုးရှင်းစွာ တွက်ချက်ရုံသာမက အခြားဆက်စပ်နေသော အချက်များစွာကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ သင်ကြားမည့်အရာ၊ မည်သို့သင်ကြားမည်၊ မည်သူနှင့် သင်ကြားမည်၊ မည်သည့်နေရာတွင် သင်ကြားမည် စသည်ဖြင့် ရွေးချယ်မှုများသည် မိဘများနှင့် အခြားပညာရေးဆိုင်ရာ ပါဝင်ပတ်သက်သူများ၏ ပြိုင်ဆိုင်မှု အမြင်များနှင့် ဆန္ဒများကို ထင်ဟပ်စေပါသည်။ ၎င်းတို့က လူ့အဖွဲ့အစည်း ပြောင်းလဲခြင်းအတွက် အဓိကရှုထောင့်နှစ်ခုဖြစ်သည့် အရင်းအမြစ်များကို ထိန်းချုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ပြောင်းလဲနေသော လူ့အသိုင်းအဝန်းအတွက် တန်ဖိုးများနှင့် ယုံကြည်ချက်များကိုလည်း ထည့်သွင်းစဉ်းစားပါသည်။ ပညာရေးရွေးချယ်မှုများသည် အလွန်နိုင်ငံရေးဆန်ပြီး နိုင်ငံရေးအစီအစဉ်များတွင် ပီပြင်စွာ သို့မဟုတ် သွယ်ဝိုက်သော အားဖြင့် ထင်ဟပ်နေပါသည်။ တစ်ဦးချင်း အယူဝါဒနှင့် အခြေအနေ အရပ်ရပ်ဆိုင်ရာအချက်များ ကွဲပြားနေမှုအပြင် လူမှုရေးစိန်ခေါ်မှုများကို နားလည်မှုများနှင့် အစိုးရ၊ လူများနှင့် အဖွဲ့အစည်းများသည် မည်သို့ဆက်စပ်သင့်သည်ဟု နားလည်မှုကလည်း နိုင်ငံတစ်ခုနှင့်တစ်ခု ကွဲပြားပါသည်။ ဤနားလည်မှုများက အစိုးရအနေဖြင့် မည်သည့်မူဝါဒများကို ကျင့်သုံးသင့်ပြီး ၎င်းတို့ထံမှ မည်သူက အကျိုးရှိသင့်သည်ဆိုသည့် သဘောထားများအပေါ် လွှမ်းမိုးပါသည်။

အများပိုင် ကျောင်းပညာရေးကို ပံ့ပိုးကူညီမှုဆိုင်ရာ သုတေသနများသည် ဝင်ငွေမြင့်မားသောနိုင်ငံများ

မှ အများအပြားဖြစ်သည်။ မကြာသေးမီက ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိုင်ယာလန်၊ အီတလီ၊ စပိန်၊ ဆွီဒင် နှင့် ဗြိတိန်နိုင်ငံတို့တွင် ပြုလုပ်ခဲ့သော သဘောထားများကို မေးမြန်းသော စစ်တမ်းတွင် ဖြေဆိုသူများသည် ထပ်လောင်းအသုံးစရိတ်အတွက် ဖြစ်နိုင်ခြေရှိသော နယ်ပယ် ရှစ်ခုအနက်မှ တစ်ခုကို ဦးစားပေးရန် တောင်းဆိုသောအခါတွင် ပညာရေးသည် ၂၈% အတွက် ထိပ်တန်းရွေးချယ်မှုဖြစ်ကြောင်း ပြသခဲ့သည်။ ကျန်းမာရေးစောင့်ရှောက်မှုသည် ဒုတိယ ၂၂ ရာခိုင်နှုန်း ဖြစ်ခဲ့သည်။ ဖြေဆိုသူ ၇၇ ရာခိုင်နှုန်းက ကျောင်းရွေးချယ်မှုကို ထောက်ခံခဲ့သော်လည်း ၆၀ ရာခိုင်နှုန်း ကျော်က အမျိုးသားပညာရေးစနစ်တွင် ပုဂ္ဂလိက ကျောင်းများ၏ အရေးပါသောအခန်းကဏ္ဍကို ဆန့်ကျင်ခဲ့ကြသည်။

ဤအစီရင်ခံစာအတွက် ၂၀၁၆ International Social Survey Program (ISSP) အထူးမော်ဂျူးဒေတာ၏ အစိုးရ အခန်းကဏ္ဍအပေါ် လေ့လာဆန်းစစ်ကြည့်သောအခါ အလယ်အလတ်ဝင်ငွေရှိသောနိုင်ငံ ၁၀ နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၅ နိုင်ငံ၏ နမူနာက အများဆိုင်အစိုးရကျောင်းပညာရေးအား ထောက်ခံမှုကို ဖော်ပြထားပါသည်။ ယေဘုယျအားဖြင့်၊ အရွယ်ရောက်ပြီးသော ဖြေဆိုသူ ၈၉% က အစိုးရများသည် ကျောင်းပညာရေးအတွက် အဓိကတာဝန်ရှိကြောင်း ပြောကြားခဲ့ပြီး ၆% က မိသားစုများနှင့် ၅ % က အခြားအဖွဲ့အစည်း (ပုဂ္ဂလိကကုမ္ပဏီများနှင့် စီးပွားဖြစ် အဖွဲ့အစည်းများ၊ အကျိုးအမြတ်မယူသော အဖွဲ့အစည်းများ၊ ပရဟိတ အဖွဲ့များနှင့် သမဝါယမအသင်းများနှင့် ဘာသာရေးအဖွဲ့အစည်းများ၊ စသည်ဖြင့်) ကို ဖော်ပြကြသည်။ သို့သော် အစိုးရ မဟုတ်သော ပါဝင်ပတ်သက်သူများ၏ ပညာရေးပံ့ပိုးမှုကို ထောက်ခံသူများအား သုံးသပ်ကြည့်လျှင် အိန္ဒိယတွင် ဖြေဆိုသူ (၄၆%) [1] ဖိလစ်ပိုင် (၆၃%) နှင့် ချီလီ (၇၆%) တို့က အများပိုင် ကျောင်းပညာရေးကို အနိမ့်ဆုံး ထောက်ခံကြသည်။ **(ပုံ ၁)**

အမျိုးမျိုးသော စောဒကတက်မှုများသည် အစိုးရ မဟုတ်သောသူများ၏ ပညာရေး ဝန်ဆောင်မှုများကို ထောက်ခံရန်နှင့် ဆန့်ကျင်ရန်စသည့် အငြင်းပွားမှုများကို ဖြစ်ပေါ်စေပါသည်။

ပညာရေးတွင် အစိုးရ မဟုတ်သောသူများ၏ ပါဝင်ပတ်သက်မှုကို ထောက်ခံသောသူများနှင့် ကန့်ကွက်သော သူများသည် ပညာရေးတွင် ထိရောက်မှု၊ သာတူညီမျှမှု၊ ပါဝင်မှုနှင့် ဆန်းသစ်တီထွင်မှုတို့ကို မြှင့်တင်ရန်အတွက် အစိုးရနှင့် အစိုးရ မဟုတ်သော သူများ၏ စွမ်းဆောင်ရည်နှင့် တရားဝင်မှုတို့နှင့် စပ်လျဉ်း၍ ငြင်းခုံလေ့ရှိကြသည်။ ဤပြဿနာများကို လူများက ပညာရေးကို ဈေးကွက်မှတဆင့် ဝယ်ယူရမည့် ဝန်ဆောင်မှု သို့မဟုတ် ကုန်ပစ္စည်းတစ်ခုအဖြစ် ယုံကြည်နေသလားနှင့် ပြည်သူများအနေဖြင့် ပညာရေးကို ရွေးချယ်နိုင်ခြင်းရှိသလား စသည့် ရှုထောင့်များမှ ထင်ရှားစွာ မြင်တွေ့နိုင်ပါသည်။

ပညာရေးတွင် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများက ကုန်ကျစရိတ် ပိုသက်သာပြီး ထိရောက်မှုကို ဖြစ်စေပါသလား။ ပညာရေးအတွက် အစိုးရ မဟုတ်သော ပါဝင်ပတ်သက်သူများကို ထောက်ခံသူများက နိုင်ငံတော်သည် ပညာရေးအတွက် လိုအပ်ချက်များကို အပြည့်အဝ မဖြည့်ဆည်းပေးနိုင်ခြင်းမှာ ရှောင်လွဲမရသော အရာဟု ပြောဆိုကြသည်။ ပရဟိတလုပ်ငန်းများ၊ ယုံကြည်မှု၊ တွေးခေါ်မှု၊ အမြတ်အစွန်း ရလိုမှုနှင့် စိတ်အားထက်သန်မှု စသည့် မည်သည့် အကြောင်းပြချက်များကြောင့်ဖြစ်စေ အစိုးရ မဟုတ်သောသူများမှ ပညာရေးလုပ်ငန်းနှင့် ဝန်ဆောင်မှုများကို ထောက်ပံ့ပေးမှုသည် ပြည်သူလူထု၏ လိုအပ်ချက်နှင့် ကိုက်ညီသော အခါ ဈေးကွက်တစ်ခု ဖြစ်လာနိုင်သည်။ သို့မဟုတ် ပါက သမားရိုးကျ ဈေးကွက်နှင့် အနည်းဆုံး စီစဉ်တကျ ချထားသော ဈေးကွက်တစ်ခု ဖြစ်နိုင်သည်။ ဈေးကွက်မှ


1 ပညာရေးတွင် အစိုးရ မဟုတ်သော ပါဝင်ပတ်သက်သူများ ဤအစီရင်ခံစာ၏ ဒေသတွင်းထုတ်ဝေမှုအား တောင်အာရှအတွက် ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်သည်။

တဆင့်၊ ကုန်ကျစရိတ်သက်သာပြီး ထိရောက်မှု ရှိစေရန် ရည်မှန်းချက်များကိုလည်း ပြည့်မီစေနိုင်သည်။

ပုံ - ၁

လေ့လာခဲ့သော နိုင်ငံအများစုတွင် ၈၀% ကျော်သည် အများဆိုင် အစိုးရပညာရေးကို ထောက်ခံအားပေးသည်။

၂၀၁၆ ခုနှစ်၊ ကျောင်းပညာရေးအတွက် အစိုးရသည် အဓိကတာဝန်ရှိကြောင်း ပြောကြားခဲ့သည့် အရွယ်ရောက်ပြီးသူ ရာခိုင်နှုန်း



GEM StatLink: https://bit.ly/GEM2021_Summary_fig1

အရင်းအမြစ် : 2016 ISSP ကို အခြေခံ၍ Edlund နှင့် Lindh (2021)

ပညာရေးတွင် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများကို ဆန့်ကျင်သူများက ကုန်ကျစရိတ်သက်သာပြီး ထိရောက်သော အလေ့အကျင့်များကို ပညာရေးစနစ်တစ်ခုလုံးတွင် ဖြန့်ကျက်ပြီး ကျောင်းများ၊ အစိုးရနှင့် အစိုးရ မဟုတ်သောသူများ အားလုံးကျင့်သုံးသင့်သည်ဟု ငြင်းခုံကြသည်။ နိုင်ငံတစ်ခုတွင် ဆရာများကို အခကြေးငွေ အလွန်အကျွံ ပေးဆောင်ရသော ကိစ္စမျိုးရှိနေလျှင် ၎င်းသည် ပံ့ပိုးပေးနေသည့် ပုံစံကို ပြောင်းလဲရန် အကြောင်းပြချက်မဟုတ်ဘဲ ပြည်သူ့မူဝါဒကို ဖြေရှင်းရမယ့် ကိစ္စဖြစ်သင့်ပါသည်။ အစိုးရမဟုတ်သောသူများသည် ရေရှည်တည်တံ့သော ဖြေရှင်းချက်မဟုတ်သည့်လူငယ် သို့မဟုတ် အရည်အချင်းမပြည့်မီသော ဆရာများကို ငှားရမ်းခြင်းဖြင့် ကုန်ကျစရိတ်ကို ထိရောက်မှုတိုးစေနိုင်သည်။ အစိုးရကျောင်းများနှင့် အစိုးရ မဟုတ်သော ကျောင်းများအကြား ယုံကြည်စိတ်ချရသော ကုန်ကျစရိတ် နှိုင်းယှဉ်မှုကို ပြုလုပ်ခြင်းသည် စိန်ခေါ်မှုဖြစ်သည်။ အစိုးရကျောင်းများသည် ပညာသင်ကြားရန် ဆင်းရဲနွမ်းပါးသူများကို ပိုမိုဝန်ဆောင်မှုပေးလေ့ရှိသည်။

အစိုးရမဟုတ်သောသူများသည် ပညာရေးတွင် သာတူညီမျှမှုနှင့် လူတိုင်းအကျုံးဝင်မှုကို ပေးစွမ်းပါသလား။ အစိုးရ မဟုတ်သောသူများ၏ ပညာရေးပံ့ပိုးပေးမှုကို ထောက်ခံသူများက အစိုးရ မဟုတ်သော ဝန်ဆောင်မှုပေးသူများသည် ပညာရေးရပိုင်ခွင့်ကို ဖြည့်ဆည်းပေးရာတွင် ကူညီပေးသည်ဟု စောဒကတက်သည်။ အခြေအနေများစွာတွင် အစိုးရမဟုတ်သောသူများသည် အများပိုင်ကျောင်းပညာရေးစနစ်မှ လျစ်လျူရှုထားသော အားနည်းသောအုပ်စုများအတွက် ပညာရေးကွာဟချက်များအား ဖြည့်ဆည်းပေးပါသည်။ ပါကစ္စတန်ကဲ့သို့ တရားမဝင် အခြေချနေထိုင်မှုများတွင်အစိုးရများသည် ကျောင်းများ တည်ထောင်ရန် မကြာခဏ တုံ့ဆိုင်းနေကြသည်။ နီပေါ နိုင်ငံ၏ ၂၀၁၅ ခုနှစ် ငလျင်ကပ်ဘေးကြီးကဲ့သို့သော အကျပ်အတည်းနှင့် အရေးပေါ်အခြေအနေများတွင် အစိုးရ မဟုတ်သောသူများသည်လည်း ပညာရေး အတွက် များစွာအကျိုးပြုကြသည်။ အယ်လ်ဆာဗေဒိုကဲ့သို့ အကြမ်းဖက်မှုများနှင့် ဂိုဏ်းများကြောင့် ဒုက္ခ ရောက်နေသည့် မြို့ပြများတွင်၊ အစိုးရ မဟုတ်သော ကျောင်းများသို့ ကျောင်းအပ်နှံမှုဝေစုသည် တစ်နိုင်ငံလုံး၏ ပျမ်းမျှထက်နှစ်ဆဖြစ်သည်။

အစိုးရမဟုတ်သော ကျောင်းများကို ဆန့်ကျင်သူများသည် ကျောင်းရွေးချယ်မှုကြောင့် ဖြစ်ပေါ်လာသော ပြဿနာများကို ထောက်ပြကြသည်။ မိဘများက သူတို့ လိုချင်သည့်ကျောင်းကို စည်းမျဉ်းစည်းကမ်းများ မရှိဘဲ ရွေးချယ်နိုင်လျှင် မကြာခဏဆိုသလို အချမ်းသာဆုံးသူများသည် အကောင်းဆုံး ပညာရေးကို ရွေးချယ်နိုင်ခြေရှိပြီး၊ အစိုးရမဟုတ်သောကျောင်းများကြောင့် မညီမျှမှု၊ လူတန်းစားခွဲခြားမှုနှင့် ခွဲခြားဆက်ဆံခြင်းတို့ကို ပိုမိုဆိုးရွားလာစေသည်။ မိဘများအနေဖြင့် ဆုံးဖြတ်ချက်ချရန်အတွက် အချက်အလက်ကောင်းများ လိုအပ်သော်လည်း ကျောင်းသွင်ပြင်လက္ခဏာများဆိုင်ရာ အချက်အလက်များ မရရှိနိုင်ပါ။ အချက်အလက်များရှိပါကလည်း အားနည်းသူ လူအုပ်စုများစွာက လက်လှမ်းမမှီနိုင်သဖြင့် ညီမျှမှု မရှိပေ။ ထို့အပြင်၊ ဝန်ဆောင်မှုပေးသူများသည် ဝန်ဆောင်မှုပေးရန် တွန့်ဆုတ်နေနိုင်သည့် လက်လှမ်းမီရန် ခက်ခဲသော လူဦးရေများစွာ ရှိပါသည်။

ပညာရေးကဏ္ဍတွင် အစိုးရသည် အဓိကအခန်းကဏ္ဍမှ မရှိသင့်ဟု ယူဆသူအချို့က သင်ကြားရေးဆိုင်ရာ အကြောင်းအရာများကို ဆုံးဖြတ်ရန် သို့မဟုတ် လိုချင်သော စံနှုန်းတစ်ခုအတိုင်း ပညာရေးကို ပေးအပ်နိုင်မှုအပေါ် အစိုးရ၏ အခွင့်အာဏာကို စိန်ခေါ်ကြသည်။ ဒေသဆိုင်ရာ အစိုးရကျောင်းသည် ၎င်းတို့၏ ကလေးကို ပြုစုပျိုးထောင်လိုသော ယဉ်ကျေးမှု၊ လူမျိုးရေး၊ ဘာသာစကား သို့မဟုတ် ဘာသာရေး အသိုင်းအဝိုင်း၏ တန်ဖိုးများကို ခြိမ်းခြောက်လာမည်ကို စိုးရိမ်သောကြောင့် မိဘများသည် သီးခြားနှင့် အစိုးရ မဟုတ်သော ပညာရေးကို ပံ့ပိုးမှု ပြုလုပ်နိုင်သည်။ သို့သော် အစိုးရများအနေဖြင့် ၎င်းသည် သာတူညီမျှနှင့် အားလုံးအကျုံးဝင်သော ပညာရေးကို သေချာစေရန် ၎င်းတို့၏ ကတိကဝတ်များနှင့် ကွဲလွဲနေပြီး ကလေးများအားလုံးအတွက် တူညီသော ပညာရေးအရည်အသွေးကို ပေးဆောင်ရန် ကြိုးပမ်းရာတွင် တစ်ပြေးညီစံနှုန်းများကျင့်သုံးနိုင်မှုကို အနှောင့်အယှက်ဖြစ်စေသည်ဟု ငြင်းဆိုနိုင်ပါသည်။

အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများသည် ပညာရေးအတွက် ဆန်းသစ်တီထွင်မှုကို ပိုမို ဆောင်ကြဉ်းပေးပါသလား။ ပညာရေးတွင် အစိုးရ မဟုတ်သော ပါဝင်ပတ်သက်မှုကို ထောက်ခံသူများက ၎င်းသည် ဆန်းသစ်တီထွင်မှုကို တိုးမြင့်စေသည်ဟု အခိုင်အမာဆိုသည်။ ပညာရေးစနစ်၏ ဆက်စပ်နယ်ပယ်များ သို့မဟုတ် စနစ်၏အပြင်ဘက်၌ပင် သင်ကြား သင်ယူမှုဆိုင်ရာ နားလည်မှုကို ပြောင်းလဲစေသော အတွေးအခေါ်များစွာ ထွက်ပေါ်လာသည်။ အများဆိုင် အစိုးရကျောင်းပညာရေးစနစ်သည် ကြီးမားသည့် ဗဟိုချုပ်ကိုင်မှုရှိသော ဗျူရိုကရေစီများအဖြစ်သို့ ကြီးထွားလာခဲ့ပြီး ၎င်းတို့ဝန်ဆောင်မှုပေးရမည့် လူထုနှင့် အလှမ်းဝေးသွားစေနိုင်သည်။ ယေဘုယျဝေဖန်ချက်တစ်ခုမှာ ၎င်းတို့သည် အစပျိုးလုပ်ဆောင်ချက်များကို အားမပေးဘဲ၊ စံသတ်မှတ်ချက်ကို တွန်းအားပေးကာ ကျောင်းသားများနှင့် ဆရာများကို စိတ်ဓာတ်ကျဆင်းစေခြင်းဖြစ်သည်။

ဆန်းသစ်တီထွင်မှုသည် အများပိုင်ပညာရေးစနစ်အတွက် ရှုပ်ထွေးသောအလုပ်ဖြစ်သည်။ အပြောင်းအလဲများကို စမ်းသပ်ပြီး ကျွမ်းကျင်နိုင်မှုအတွက် စမ်းသပ်ရန် လိုအပ်ပါသည်။ စိန်ခေါ်မှုများတွင် ဗျူရိုကရေစီ အတားအဆီးများ၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် ကွာဟချက်များ၊ ဆရာနှင့် မိဘများ၏ စေ့ဆော်မှု နည်းပါးမှု၊ အကန့်အသတ်ရှိသော ငွေရေးကြေးရေး နည်းလမ်းများနှင့် နိုင်ငံရေး စွက်ဖက်မှုနှင့် အတိုက်အခံတို့ ပါဝင်သည်။ သို့သော်လည်း အစိုးရပညာရေးစနစ်များသည် ဒီဇိုင်းအားဖြင့် ဆန်းသစ်တီထွင်မှုကို အပျက်သဘောဆောင်သော တွန်းအားမဖြစ်စေပါ။ အချို့သော အစိုးရ မဟုတ်သောသူများက တီထွင်ဆန်းသစ်မှုများသည် အများပိုင် ပညာရေးလုပ်ငန်းများတွင် အလုပ်ဖြစ်နိုင်/မဖြစ်နိုင်ကို စမ်းသပ်မှု ပြုလုပ်နေကြသည်။


ဆန်းသစ်တီထွင်မှုဆိုင်ရာ ငြင်းခုံခြင်းသည် တစ်ခါတစ်ရံတွင် အဓိက အယူအဆများကို ဆန့်ကျင်ဘက် နည်းလမ်းများဖြင့် ရည်ညွှန်းထားသောကြောင့် ဖြစ်သည်။ စံနှုန်းတပြေးညီ သတ်မှတ်ခြင်းကို အများပိုင် အစိုးရပညာရေးစနစ်များ၏ တင်းကျပ်မှု၊ တူညီမှုနှင့် ကွဲပြားမှုမရှိမှု စသည်ဖြင့် ၎င်းတို့အမြင်ဖြင့် ဆန့်ကျင်သူများရှိသော်လည်း၊ ကျောင်းအားလုံးတွင် စံနှုန်းများ ပြည့်မီစေရန် ဘုံအခြေခံ သင်ရိုးညွှန်းတမ်း တစ်ရပ်လိုအပ်ကြောင်း ကာကွယ်ပြောဆိုသူများ ရှိသလို အစိုးရ မဟုတ်သောသူများ၏ လိုက်လျောညီထွေဖြစ်မှုကို အရှိန်မြှင့်ပေးသော ယှဉ်ပြိုင်မှုဆိုင်ရာ ဖိအားများဖြစ်သည်ဟုလည်း အကြံပြုသူများလည်းရှိသည်။ အဆုံးစွန်အားဖြင့်၊ စံနှုန်းတပြေးညီ သတ်မှတ်ခြင်းက ဆန်းသစ်တီထွင်မှုကို ထိခိုက်မှုရှိမရှိ ဆိုသည်မှာ စံနှုန်းများကို အဓိပ္ပာယ်ဖွင့်ဆိုထားမှုအပေါ် မူတည်သည်။ “တာဝန်ခံမှု” “ကိုယ်ပိုင်အုပ်ချုပ်မှု” နှင့် “ရွေးချယ်မှု” စသည့် ဝေါဟာရများကို ပညာရေး၏ အဖွဲ့အစည်းဆိုင်ရာ အခြေခံမူများကို ဂုဏ်ပြုရန်နှင့် ရှုတ်ချရန် သုံးကြသည်။ ဤအယူအဆများ၏ ကောင်းကျိုးများကို ဆန်းစစ်ကြည့်နိုင်သော်လည်း ၎င်းတို့သည် အစိုးရမဟုတ်သော၊ အထူးသဖြင့် ကြီးမားသော ပုဂ္ဂလိက ပညာရေးကဏ္ဍအတွက် အကြောင်းပြချက် မဟုတ်ပါ။

ပညာရေးတွင် အစိုးရနှင့် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများနှင့် သက်ဆိုင်သော ယုံတမ်းစကားများ

ဤအစီရင်ခံစာတွင် ပညာရေးတွင် အစိုးရနှင့် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများနှင့် သက်ဆိုင်သော ယုံတမ်းစကား ဆယ်ခုကို မေးခွန်းထုတ်ထားသည်။

ယုံတမ်းစကား ၁


အစိုးရနှင့် အစိုးရ မဟုတ်သော ပါဝင်ပတ်သက်သူများကို ရှင်းလင်းစွာ ခွဲခြားသတ်မှတ်နိုင်သည်။



ပညာရေးတွင် အစိုးရ မဟုတ်သောသူများ၏ ပါဝင်ပတ်သက်မှုကို ဆွေးနွေးရာတွင် အများအားဖြင့် အစိုးရနှင့် ပုဂ္ဂလိက ကျောင်းများဟူ၍ အမျိုးအစား နှစ်မျိုးပါဝင်သည်။ လက်တွေ့တွင် အခင်းအကျင်းသည် ပိုမိုရှုပ်ထွေးကာ ပြတ်သားစွာ ခွဲခြားနိုင်မှု နည်းပါးပါသည်။ အစိုးရ မဟုတ်သော ပါဝင်ပတ်သက်သူများသည် အလွန်ကွဲပြားသည်။ အယူအဆများ၊ တန်ဖိုးထားမှုများ၊ ယုံကြည်ချက်များနှင့် အကျိုးစီးပွားများနှင့် ပတ်သက်သည့် အမျိုးမျိုးသော အကြောင်းပြချက်များဖြင့် ပညာရေး ကဏ္ဍသို့ ဝင်ရောက်ကြသည်။ အများအပြားသည် အစိုးရနှင့် တရားဝင် သို့မဟုတ် စာချုပ်ချုပ်ခြင်းနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် အလွတ်သဘော အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များတွင် ပါဝင်ကြသောကြောင့် “အစိုးရနှင့် အစိုးရ မဟုတ်သော ပါဝင်ပတ်သက်သူများကို ရှင်းလင်းစွာ ခွဲခြားသတ်မှတ်ရန် ” ခက်ခဲသည်။

ယုံတမ်းစကား ၂


ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၏ အတိုင်းအတာကို သိရှိပါသည်။



ပညာရေးတွင် အစိုးရမဟုတ်သောသူများ ပါဝင်ပတ်သက်မှုကို ဖော်ပြသော လမ်းကြောင်းများသည် ကျောင်းအပ်နှံမှု စုစုပေါင်းတွင် ပါဝင်သည့် ပုဂ္ဂလိက အဖွဲ့အစည်းများ၏ ဝေစုပေါ်တွင် မူတည်လေ့ရှိသည်။ ကျောင်းသားများကို နာရီနှင့်ချိပြီး သင်ကြားခြင်းဖြင့် ၎င်းတို့၏ ဝင်ငွေကို ဖြည့်ပေးသော အစိုးရကျောင်းဆရာ/ဆရာမများအတွက် နိုင်ငံများက မည်သို့ စဉ်းစားပေးကြသနည်း။ ကျောင်းသုံးစာအုပ်များ၊ အကဲဖြတ်ခြင်း သို့မဟုတ် ဒေတာစီမံခန့်ခွဲမှု သို့မဟုတ် အစားအသောက်နှင့် သယ်ယူပို့ဆောင်ရေးတို့ကိုပင် ပြင်ပအရင်းအမြစ်များဖြင့် ပံ့ပိုးနေရသော ပညာရေးစနစ်သည် မည်မျှ အများဆိုင် ဖြစ်သနည်း။ လော်ဘီသမားရေးသော အစိုးရပေါ်လစီကို အများပိုင်အဖြစ် ယူဆပါသလား။

ယုံတမ်းစကား ၃


ပုဂ္ဂလိက ကဏ္ဍသည် ပညာရေး ပုဂ္ဂလိကပိုင် ဖြစ်ရခြင်းကို ဝေဖန် အပြစ်တင်ရန် ဖြစ်သည်။



ပုဂ္ဂလိကကျောင်းအများစုသည် တစ်ဦးတည်းပိုင် ကျောင်းများဖြစ်သည်။ လျစ်လျူရှုမှုဖြင့် နိမ့်ကျသွားသော အစိုးရကျောင်းများ၏ အရည်အသွေးနှင့် ပတ်သက်၍ မိဘများ၏ စိုးရိမ်ပူပန်မှုများကို တုံ့ပြန်သည့်အနေဖြင့် ၎င်းတို့ ထွက်ပေါ်လာခြင်းဖြစ်သည်။ အရည်အသွေး ကျဆင်းလာသည့်အခါ၊ ချမ်းသာသော အိမ်ထောင်စုနှင့် ဆင်းရဲသော အိမ်ထောင်စုအနည်းအကျဉ်းတို့သည် လူထု၏ ထောက်ပံ့မှု ပျက်ပြားသွားကာ ရန်ပုံငွေ နည်းပါးသော အစိုးရကျောင်း ပညာရေးစနစ်မှ ထွက်ခွာသွားကြသည်။ နိုင်ငံရေးခေါင်းဆောင်များကြား ရှိ အထက်တန်းလွှာဝါဒီများက မညီမျှမှုအတွက် သည်းခံ နိုင်မှု မြင့်မားလာပြီး၊ ချို့တဲ့သူများ တက်ရောက်သင်ကြား နေသော အစိုးရကျောင်းပညာရေးကို အကာအကွယ်ပေး ရန် ၎င်းတို့၏ ကတိကဝတ်များကို လျှော့ချခဲ့သည်။

ယုံတမ်းစကား ၄


အစိုးရ ကျောင်းပညာရေးက သာတူညီမျှမှုကို ဖြစ်စေသည်။



မမြင်သာသော ကုန်ကျစရိတ်များ၊ ရှောင်လွှဲနိုင်သော လက်ငင်းငွေပေးချေမှုများနှင့် အစိုးရကျောင်းများမှ မပေးဆောင်နိုင်သည့် အရာများအတွက် ထပ်လောင်း အသုံးစရိတ်များမှတဆင့် အိမ်ထောင်စုများသည် မြင့်မားသော ပညာရေးစရိတ်များကို ပေးဆောင်လေ့ ရှိကြသည်။ မညီမျှမှုကို ပိုမိုဆိုးရွားစေသည့် အစိုးရ မဟုတ်သော ဝန်ဆောင်မှုပေးသူများကို တံခါးဖွင့်ပေး ထားသည့် ပညာရေးစနစ်များကို ဝေဖန်လေ့ရှိသော်လည်း၊ အများဆိုင် အစိုးရကျောင်းပညာရေးစနစ်များစွာသည် လူတန်းစား ခွဲခြားခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများကို တားဆီးရန် ပျက်ကွက်ကြသည်။

ယုံတမ်းစကား ၅


မိဘများသည် အရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များဖြင့် ကျောင်းများကို ရွေးချယ်သည်။



အစိုးရမဟုတ်သော ကျောင်းများနှင့် ကျောင်းရွေးချယ်မှုအား ထောက်ခံသူများကြားတွင်ရှိသော အခြေခံယူဆချက်မှာ မိဘများသည် အကောင်းဆုံးကျောင်းများအကြောင်း အချက်အလက်များကို လက်လှမ်းမီနိုင်ပြီး ၎င်းကို ထိရောက်စွာ အသုံးပြုခြင်းပင်ဖြစ်သည်။ လက်တွေ့တွင် နိုင်ငံအများစုရှိ ကျောင်းများ၏ သက်ရောက်မှုဆိုင်ရာ အချက်အလက်များသည် စီမံခန့်ခွဲရန်နှင့် ဆက်သွယ်ရန် ရှုပ်ထွေးလွန်းသည်။ မိဘများသည် ထိုအချက်အလက်များကို မကြာခဏ လျစ်လျူရှုကာ အခြားအကြောင်းရင်းများဖြစ်သည့် ဘာသာရေးယုံကြည်ချက်၊ သက်သောင့်သက်သာဖြစ်မှုနှင့် ကျောင်းသားများ၏ စရိုက်လက္ခဏာများနှင့် ကိုက်ညီသော ကျောင်းများကို ရွေးချယ်ကြသည်။

ယုံတမ်းစကား ၆


ကျောင်းများအကြား ပြိုင်ဆိုင်မှုက ကျောင်းတိုးတက်ရေးကို ဖြစ်ပေါ်စေသည်။



တာဝန်ခံမှုနှင့် အပြုသဘောဆောင်သော ပြိုင်ဆိုင်မှုသည် လူအချို့ကို တိုးတက်စေရန် လှုံ့ဆော်ပေးသည်။ စီးပွားရေးနယ်ပယ်တွင် ကုမ္ပဏီများ ရှင်သန်ရပ်တည်နိုင်ရန် ပြိုင်ဆိုင်နေကြပြီး အကျိုးအမြတ်ရခြင်းဖြင့် ၎င်းတို့တည်ရှိနေခြင်းဖြစ်သည်။ သို့သော် ထိုကဲ့သို့ ပြိုင်ဆိုင်မှုများ ပညာရေးတွင် မည်သို့ ဖြစ်နိုင်သည်ကို ရှင်းရှင်းလင်းလင်း မသိရပေ။ အကြောင်းအရာ ရှုပ်ထွေးမှုများကြောင့် ပြိုင်ဆိုင်မှု၏ ပညာရေး စနစ်တစ်ခုလုံးအပေါ် သက်ရောက်မှုများကို ဖော်ပြသော လေ့လာမှုများသည် ရှားပါးပြီး တွေ့ရှိချက်များမှာ ခိုင်လုံမှုမရှိပါ။ ပိုဆိုးသည်မှာ ပြိုင်ဆိုင်မှုသည် အစိုးရမဟုတ်သော ကျောင်းများ၏ သင်ကြားသင်ယူမှု အလေ့အကျင့်ကောင်းများကို သွေဖယ်ကာ မိဘများ၏ ဆန္ဒအတိုင်း သင်ကြားပြသပေးခြင်းကို ဦးတည်သွားစေနိုင်သည်။

ယုံတမ်းစကား ၇


ပုဂ္ဂလိကပိုင် ကျောင်းများနှင့် တက္ကသိုလ်များသည် ပိုကောင်းပါသည်။



မိဒီယာမှဖော်ပြပြီး မိဘများဖတ်ရှုရသည့်အတိုင်း အစိုးရကျောင်းနှင့် ပုဂ္ဂလိကကျောင်းများ၏ စာမေးပွဲ အောင်ချက်နှုန်းများကို နှိုင်းယှဉ်ခြင်းသည် ကျောင်းများအကြား ယှဉ်ပြိုင်မှုအဆင့်ဇယားအတွက် အားကိုးအားထားပြုသည့် ပုံမှန်အထောက်အထားသာ ဖြစ်သည်။ လက်တွေ့တွင် ချမ်းသာသော၊ ပညာတတ်ပြီး အမြော်အမြင်ကြီးသော မိဘများက ပုဂ္ဂလိကကျောင်းကို ရွေးချယ်ရန် အလားအလာ ပိုများပြီး ကျောင်းသားများ၏ ကျောင်းများသို့ ဝင်ရောက်မှုမှာ အမျိုးမျိုးဖြစ်နိုင်သည်။ တစ်ဖန် ပုဂ္ဂလိကကျောင်းများသည် ရလဒ်များကို အမြင့်ဆုံးဖြစ်စေရန်အတွက် ကျောင်းသားများကို ရွေးချယ်စိစစ်လာကြသည်။ ထိုသို့သော အကြောင်းရင်းများကို ထိန်းချုပ်ထားသည့်အခါ အစိုးရနှင့် ပုဂ္ဂလိကကျောင်းများကြား ကွာဟမှုသည် မရှိသလောက် သို့မဟုတ် မှေးမှိန်လေ့ရှိသည်။

ယုံတမ်းစကား ၈


ပုဂ္ဂလိက ကဏ္ဍသည် ကျောင်းမနေခြင်း စိန်ခေါ်မှုအတွက် အဖြေတစ်ခုဖြစ်သည်။



ပုဂ္ဂလိကကျောင်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား သန်း ၃၅၀ ကျော် စာရင်းသွင်းထားသောကြောင့် အဆိုပါကျောင်းသားများကို အစိုးရကျောင်းပညာရေးစနစ်သို့ ရွှေ့ပြောင်းပါက အကျပ်အတည်းဖြစ်လာမည်မှာ မလွဲဧကန်ဖြစ်သည်။ သို့သော် လူတိုင်းနီးပါး ကျောင်းနေသော မြို့ပြဒေသများတွင် ပုဂ္ဂလိကကျောင်းများ ပေါများလာပြီး၊ ကျေးလက်ဒေသများတွင် အများအားဖြင့် ရှားပါးလှသည်။ ဝင်ငွေနည်းသောနှင့် အလယ်အလတ်တန်းစား နိုင်ငံများတွင် အိမ်ထောင်စုများ၏ အချမ်းသာဆုံး ၂၀% မှ ကလေးများသည် အဆင်းရဲဆုံး ၂၀ % မှ ကလေးများထက် ကိုယ်ပိုင်ကျောင်းတက်ရန် အလားအလာ ၁၀ ဆ ပိုများသည်။

ယုံတမ်းစကား ၉

ပုဂ္ဂလိက ကဏ္ဍသည် ပညာရေး ဘဏ္ဍာငွေ ကွာဟချက်အတွက် အဖြေတစ်ခုဖြစ်သည်။



SDG 4 အောင်မြင်စေရန်အတွက် ပုဂ္ဂလိက ကဏ္ဍသည် ပညာရေးထောက်ပံ့မှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်သည်ဟူသော မြင့်မားသော မျှော်လင့်ချက်များကို ထုတ်ဖော်ပြောဆိုလေ့ရှိသည်။ ထိုကဲ့သို့ လုပ်ဆောင်နိုင်သည် သို့မဟုတ် စိတ်အားထက်သန်မှုကို သက်သေပြနိုင်ခြင်း မရှိသေးပါ။ သို့ရာတွင် ဥပမာအားဖြင့်၊ ပြည်တွင်းဝင်ငွေ ကောက်ခံမှုနှုန်းနိမ့်ကျပြီး အခွန်ရှောင်ခြင်းနှင့် ရှောင်ရှားရန် အခွင့်အလမ်းများ ပေါများနေသည့် ဝင်ငွေနိမ့်နှင့် အလယ်အလတ် ဝင်ငွေနည်းသော နိုင်ငံများတွင် အခွန်ပေးဆောင်ခြင်းဖြင့် အခြားသော ပံ့ပိုးမှုများ ပြုလုပ်နိုင်သည်။ ပုဂ္ဂလိက ကဏ္ဍသည် အမျိုးသားစည်းမျဉ်းများနှင့်အညီ လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများတွင် ဦးဆောင်ဦးရွက်ပြုနိုင်သည်။

ယုံတမ်းစကား ၁၀

စည်းမျဉ်းစည်းကမ်းများသည် အစိုးရ မဟုတ်သည့် ပညာရေး ဝန်ဆောင်မှု ကိစ္စများအားလုံးကို ကိုင်တွယ်ဖြေရှင်းနိုင်သည်။

ပညာရေးတွင် အစိုးရ မဟုတ်သော လှုပ်ရှားမှုများကို ထိန်းကျောင်းသင့်သည်ဟု သဘောတူညီမှု ရှိပါသည်။ သို့သော် စည်းမျဉ်းစည်းကမ်းများသည် သာတူညီမျှမှုနှင့် စနစ်တစ်ခုလုံးအရည်အသွေး မြှင့်တင်နည်းကို အဓိပ္ပာယ်ရှိစွာ ကိုင်တွယ်ဖြေရှင်းခြင်း မရှိပါ။ အစိုးရအနည်းငယ်သာ ချမ်းသာသော အိမ်ထောင်စုများမှ ပုဂ္ဂလိက ကျောင်းများသို့ ပြောင်းရွှေ့ခြင်းက ပညာရေးစနစ်အား မည်သို့ ခွဲခြားခြင်းကို ဖြစ်စေသည် သို့မဟုတ် အိမ်ထောင်စုပညာရေး အသုံးစရိတ် မညီမျှမှုကို မည်ကဲ့သို့ မြင့်မားစေသည်ကို စောင့်ကြည့်ကြသည်။ အစိုးရများစွာက ကျောင်းရွေးချယ်တက်ရောက်ခြင်းကို ခွင့်ပြုထားသည်။ မိတ်ဖက်အသွင်သဏ္ဌာန်အောက်တွင် မပါဝင်သည့် သီးသန့်အပို ကျူရှင်များကိုလည်း ထိန်းကျောင်းမှု နည်းပါးသည်။ အချို့နိုင်ငံများတွင် စည်းကမ်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန်နှင့် အကောင်အထည်ဖော်ရန် စွမ်းအား အရင်းအမြစ် အနည်းငယ်သာရှိသည်။



လွန်ခဲ့သော ၂၅ နှစ်ခန့်က အမေရိကန်ပြည်ထောင်စုတွင် ကျောင်းရွေးချယ်မှုအပေါ်အခြေခံ၍ ပညာရေးအဖွဲ့ ပုံစံအသစ်များ၏ မညီမျှသော အကျိုးသက်ရောက်မှုများ အကြောင်း အထောက်အထားများ စတင်ပေါ်ပေါက်လာသောအခါ အစောပိုင်းလေ့လာမှုတစ်ခုမှ စာရေးသူများသည် တွေ့ရှိချက်များကို မေးခွန်းနှစ်ခုဖြင့် အကျဉ်းချုံးဖော်ပြခဲ့သည် – ရွေးချယ်ခွင့်ရှိသူ မည်သူနည်း။ ဆုံးရှုံးသူ မည်သူနည်း – (Fuller နှင့် Elmore, 1996)။ ကမ္ဘာတစ်ဝှမ်းရှိ ကျောင်းရွေးချယ်မှု၏ ယန္တရားများ၊ ထိရောက်မှုနှင့် အကျိုးဆက်များအကြောင်း အထောက်အထားများ ပိုမိုများပြားလာသည်နှင့်အမျှ၊ ကမ္ဘာလုံးဆိုင်ရာ ပညာရေး စောင့်ကြည့်လေ့လာရေး အစီရင်ခံစာက ဤမေးခွန်းများကို တကမ္ဘာလုံးရှိ ပရိသတ်များထံ ယူဆောင်ခဲ့ပါသည်။ အစိုးရ မဟုတ်သော ပညာရေး လှုပ်ရှားမှုများ၏ အဓိကကျသော ကဏ္ဍလေးခုဖြစ်သည့် ပံ့ပိုးမှု၊ စည်းမျဉ်းတင်းကျပ်မှု၊ ဘဏ္ဍာငွေနှင့် ဩဇာလွှမ်းမိုးမှုကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရေးတွင် ကိုင်တွယ်ဖြေရှင်းပြီးနောက်တွင် အာရုံစိုက်မှုနည်းလေ့ရှိသည့် ရှေးဦးကလေး ပညာရေး၊ အဆင့်မြင့် ပညာရေးနှင့် နည်းပညာ၊ သက်မွေးဝမ်းကျောင်းနှင့် အရွယ်ရောက်ပြီးသူပညာရေး အဆင့်များလည်း ဤကဏ္ဍများကို ပိုမိုနက်ရှိုင်းစွာ စောင့်ကြည့်ခဲ့သည်။

ပညာရေး ပံ့ပိုးပေးမှု

အစိုးရ မဟုတ်သော ကျောင်းများတွင် ကျောင်းအပ်မှုတိုးလာပါသည်။ ကမ္ဘာတစ်ဝှမ်းရှိ ပုဂ္ဂလိကကျောင်းများ၏ အရေအတွက်များမှာ ၁၀ နှစ်ခန့်အတွင်း ၇ % တိုးလာကာ မူလတန်းပညာရေးသည် ၂၀၀၂ ခုနှစ်တွင် ၁၀ % မှ ၂၀၁၃ ခုနှစ်တွင် ၁၇ % နှင့် အလယ်တန်းနှင့် အထက်တန်းပညာရေးသည် ၂၀၀၄ ခုနှစ်တွင် ၁၉% မှ ၂၀၁၄ ခုနှစ်တွင် ၂၆ % သို့ တိုးလာသော်လည်း ထိုကာလမှစ၍ အကြမ်းဖျင်းအားဖြင့် တိုးတက်မှုရပ်တန့်နေခဲ့သည်။ **(ပုံ ၂)**


တာဝန်ခံမှု၊ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာငွေများသည် အစိုးရမဟုတ်သော ကဏ္ဍကို သတ်မှတ်ရန် ပုံမှန်စံနှုန်းများဖြစ်သည်။ ဝန်ဆောင်မှုပေးသူများကို ၎င်းတို့၏ အစိုးရနှင့် ဆက်ဆံရေး၊ စိတ်အားထက်သန်မှုနှင့် နှုန်းထားတို့ဖြင့် အုပ်စုများ ခွဲခြားနိုင်သည်။ ဤအစီရင်ခံစာကို ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် ဘာသာရေး အခြေပြု ကျောင်းများကို နိုင်ငံပေါင်း ၁၉၆ အနက် ၁၂၄ နိုင်ငံတွင် တွေ့ရှိနိုင်သည်။ အရေးပေါ် အခြေအနေများတွင် အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) နှင့် ရပ်ရွာကျောင်းများကို နိုင်ငံပေါင်း ၁၉၆ နိုင်ငံအနက် ၇၄ နိုင်ငံတွင် တွေ့ရှိနိုင်သည်။ အကျိုးစီးပွားဖြစ် ကျောင်းများသည် ယူအေအီးကဲ့သို့သော အခြေအနေအနည်းငယ်မှလွဲ၍ အနည်းစုဖြစ်သည်။ အာဖရိကတိုက်ရှိ ဆာဟာရသဲကန္တာရတောင်ပိုင်းမှ နိုင်ငံများနှင့် အာရှတိုက်ရှိ ဝင်ငွေနည်းနှင့် ဝင်ငွေ အလယ်အလတ်တန်းစားနိုင်ငံများတွင် ဈေးသက်သာသော တစ်ဦးတည်းပိုင်ကျောင်းများ အများအပြားကို အခကြေးငွေနည်းသော ပုဂ္ဂလိက ကျောင်းများအဖြစ် လူသိများသည်။

အစိုးရနှင့် အစိုးရမဟုတ်သော ကျောင်းများသည် ကျောင်းသားဝင်ရောက်မှုနှင့် အရင်းအမြစ်များတွင် ကွဲပြားသည်။ဆင်းရဲနွမ်းပါးသော ကလေးအနည်းစုသာ ကိုယ်ပိုင်ကျောင်းများတက်ရန် ရွေးချယ်နိုင်သည်။ ပညာရေးအတွေ့အကြုံအရည်အသွေးကို အကဲဖြတ်ရန် မိဘများသည် အတန်းအရွယ်အစား၊ ဆရာအရည်အသွေးနှင့် ကြိုးစားအားထုတ်မှု၊ ကျောင်း၏ တုံ့ပြန်မှု၊ စည်းကမ်းနှင့် ဘေးကင်းမှု၊ သင်ကြားပို့ချမှု ဘာသာစကား၊ ဘာသာရေး၊ လူမျိုးရေးနှင့် ယဉ်ကျေးမှုတို့ကို ကိုးကားကြသည်။ ဗြိတိန်နိုင်ငံတွင် အစိုးရကျောင်းများနှင့် ပုဂ္ဂလိက စီမံခန့်ခွဲသော အစိုးရကျောင်းများကို နှိုင်းယှဉ်ထားသော အင်္ဂလိပ်ကျောင်းပေါင်း ၁၈,၀၀၀ ကို ခွဲခြမ်းစိတ်ဖြာရာတွင် အရည်အချင်းမပြည့်မီသော ဆရာများ၏ ရာခိုင်နှုန်းသည် ပုဂ္ဂလိက စီမံခန့်ခွဲသော အစိုးရကျောင်းတွင် ပိုများသည်ကို တွေ့ရှိခဲ့သည်။ အစိုးရနှင့် ပုဂ္ဂလိကကျောင်းများသည် အခြားအရင်းအမြစ်များတွင် ကွဲပြားနိုင်သည်။ လက်တင်အမေရိကတွင် ပုဂ္ဂလိကကျောင်းများရှိ ကျောင်းသားတစ်ဦးလျှင် ပျမ်းမျှကုန်ပျို့တာအရေအတွက်သည် အစိုးရကျောင်းများထက် နှစ်ဆပိုများသည်။

ပုံ - ၂

ပုဂ္ဂလိက ကျောင်းအပ်နှံမှု ရှယ်ယာများသည် အာရှတောင်ပိုင်းတွင် အမြင့်ဆုံးဖြစ်သည်။

၁၉၉၀ - ၂၀၁၉ တွင် ပုဂ္ဂလိကကျောင်းများတွင် ပညာရေးအဆင့်အလိုက် စာရင်းသွင်းမှု ရာခိုင်နှုန်း



GEM StatLink: https://bit.ly/GEM2021_Summary_fig2

အရင်းအမြစ်- UIS ဒေတာဘေ့စ်

ပုဂ္ဂလိက ကျောင်းတက်ခြင်း၏ သင်ယူမှုအားသာချက်မှာ အများအပြားမရှိကြောင်း အထောက်အထားအများစုက ပြသသည်။ ဝင်ငွေနည်းပြီး အလယ်အလတ်ရှိသော နိုင်ငံ ၃၁ နိုင်ငံ၏ အချက်အလက်အရ အိမ်ထောင်စုကြွယ်ဝမှုကို ချိန်ညှိပြီးနောက် ကိုယ်ပိုင်ကျောင်းတက်ခြင်းမှ ရရှိသော ခန့်မှန်းခြေ အပိုဆုကြေးသည် သုံးပုံတစ်ပုံမှ သုံးပုံနှစ်ပုံအထိ ကျဆင်းသွားကြောင်း ပြသခဲ့ပါတယ်။ ထို့အပြင်၊ ပင်မပညာရေးကို အစိုးရမဟုတ်သောသူများမှ ပံ့ပိုးပေးမှုသည် ကာလတို သို့မဟုတ် ကာလလတ်တွင် ကွာဟချက်များကို ဖြည့်ဆည်းပေးနိုင်သော်လည်း ခွဲခြားမှုနှင့် မညီမျှမှုတို့ကို ဖြစ်ပေါ်စေနိုင်သည်။ ဆွီဒင်နိုင်ငံ ဒေသခရိုင် ၃၀ အနက် ၂၉ ခုတွင် ပြင်းထန်စွာ ခွဲခြားထားသော အလယ်တန်း အောက်ဆင့်ကျောင်းများ ပါရှိပြီး၊ ၁၆ ခရိုင်က အဓိက ကျောင်းရွေးချယ်မှုဖြင့် ခွဲခြားထားပုံရသည်။ အစိုးရမဟုတ်သော ကျောင်းများနှင့် ပြိုင်ဆိုင်မှုသည် အစိုးရကျောင်းများအား တိုးတက်စေရန် မျှော်လင့်သော်လည်း၊ အနီးနားတွင် ပုဂ္ဂလိက သို့မဟုတ် အခြားကျောင်းများ၏ တည်ရှိနေခြင်းသည် အစိုးရကျောင်းအာဏာပိုင်များအား ငွေကြေးအရင်းအမြစ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရှိပါက တုံ့ပြန်မှု လုပ်ဆောင်ရန် လုံလောက်သော မက်လုံးမဖြစ်နိုင်ပါ။

ပုဂ္ဂလိက ဖြည့်စွက်ကျူရှင်များသည် တစ်ကမ္ဘာလုံး နီးပါးတွင်ရှိသည်။ ဤဖြစ်စဉ်သည် အရှေ့အာရှနှင့် အာရပ်နိုင်ငံများရှိ နိုင်ငံအများအပြားတွင် ပျံ့နှံ့နေပြီး၊ ဆာဟာရ အာဖရိကခွဲနှင့် ဥရောပမြောက်ပိုင်းကဲ့သို့သော ဒေသများတွင်လည်း ပျံ့နှံ့နေပါသည်။ အပိုကျူရှင် လိုအပ်ချက်သည် အများအားဖြင့် ယှဉ်ပြိုင်မှု ရလဒ်ကောင်းများ ရရှိနိုင်သော စာမေးပွဲများအတွက် ပြင်ဆင်ရန် ကျောင်းသားများ၏ လိုအပ်မှုနှင့် ဆက်စပ်နေသည်။ သို့သော် ကျောင်းသားတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်အပေါ် ကျူရှင်၏ အကျိုးသက်ရောက်မှုက ရောထွေးနေသည်– အချို့သော လေ့လာမှုများက သင်ယူမှု နောက်ကျကျန်ခဲ့သော ကျောင်းသားများအတွက် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများကို တွေ့ရှိခဲ့ပြီး အခြားလေ့လာမှုများက ကျူရှင်သည် ကျောင်းသားစွမ်းဆောင်ရည်အပေါ် စနစ်တကျအပြုသဘောဆောင်သော အကျိုးသက်ရောက်မှု မရှိဟု ဖော်ပြသည်။ ထို့အပြင် ကျူရှင်သင်ကြားခြင်းသည် ကျောင်းသားနှင့် ဆရာများ၏ အပြုအမူကို ထိခိုက်စေသဖြင့် ပညာရေးစနစ်၏ စွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်သည်။

ကျောင်းသုံးစာအုပ်မူဝါဒ၊ ဝယ်ယူရေးနှင့် ဖြန့်ဖြူးရေးတွင် အစိုးရ၏ ပါဝင်ပတ်သက်မှု ကွဲပြားသည်။ အချို့နိုင်ငံများတွင်၊ ထုတ်ဝေခြင်းကို အဓိကအားဖြင့် နိုင်ငံပိုင်ထိန်းချုပ်ထားသော စီးပွားရေးလုပ်ငန်းများနှင့် အခြားနိုင်ငံများတွင် အများပိုင်နှင့် ပုဂ္ဂလိက ဖြန့်ချိရေးစနစ်ရောစပ်ထားသည်။ စပိန်အပါအဝင် ဝင်ငွေမြင့်မားသော နိုင်ငံအများအပြားက ကျောင်းစာအုပ်များ ထုတ်လုပ်ခြင်းကို စီးပွားဖြစ် ပံ့ပိုးပေးသူများထံတွင် အဓိက အပ်နှံထားပြီး၊ အစိုးရက လမ်းညွှန်ချက်များနှင့် အဆိုပြုချက်များကို အတည်ပြုခြင်းတွင်သာ ပါဝင်သည်။ ဆင်းရဲသော နိုင်ငံများတွင် နိုင်ငံတကာ ထုတ်ဝေသူများ၊ အလှူရှင်များနှင့် ဒေသတွင်း အကျိုးစီးပွားများအကြား အပြန်အလှန် ပါဝင်ပတ်သက်နေမှုက ဒေသတွင်း ထုတ်ဝေခြင်းသို့ အသွင်ကူးပြောင်းမှုကို မကြာခဏ ရှုပ်ထွေးစေသည်။ ဥပမာ – ဂါဘွန်၏ ကျောင်းသုံးစာအုပ်လုပ်ငန်းကို ကမ္ဘာ့အကြီးဆုံးထုတ်ဝေသူဖြစ်သည့် ပြင်သစ်ပိုင် Hachette Livre ၏ ကျောင်းသုံးစာအုပ်ထုတ်ဝေရေးလက်ရုံး Edicef က လွှမ်းမိုးထားသည်။

သင်ကြားရေးအကြောင်းအရာများ ဒစ်ဂျစ်တယ်ပြောင်းလဲမှုတွန်းအားကို ဖြန့်ချိရေးနှင့် နည်းပညာကုမ္ပဏီကြီးများက ဦးဆောင်သည်။ ပညာရေးဖြန့်ချိမှုတွင် ကမ္ဘာ့စျေးကွက်ဦးဆောင်သူ Pearson သည် အွန်လိုင်းကျောင်းပညာရေးနှင့် အကဲဖြတ်ခြင်းအပေါ် ပိုမိုအာရုံစိုက်လာခြင်းဖြင့် ၎င်း၏ဆောင်ပုဒ်ကို 'ကမ္ဘာ့အကြီးဆုံးဖတ်စာအုပ်များနှင့် အွန်လိုင်းသင်ကြားရေးပစ္စည်းများထုတ်ဝေသူ' မှ 'ကမ္ဘာ့ဒစ်ဂျစ်တယ်သင်ကြားရေး ကုမ္ပဏီ' သို့ ပြောင်းလဲခဲ့သည်။ ကမ္ဘာနှင့် ဒေသဆိုင်ရာ ကျောင်းသုံးစာအုပ်ထုတ်ဝေသူများအပြင် နည်းပညာကုမ္ပဏီကြီးများသည် အွန်လိုင်းပညာရေး ကဏ္ဍသို့ ဝင်ရောက်လာကြပြီး COVID-19 ကပ်ရောဂါ ကာလအတွင်း ထိုလမ်းကြောင်းကို အားကောင်းစေခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် ပညာရေးမှ

နည်းပညာဝယ်ယူသည့် လုပ်ငန်းစဉ်အတွေ့အကြုံများကို ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် ကျောင်းခရိုင်များနှင့် ကျောင်းများသည် ထုတ်ကုန်အမျိုးမျိုးကို ဖြန့်ကျက်ရောင်းချသည့် ထောင်ပေါင်းများစွာသော ပညာရေးနည်းပညာရောင်းချသူများ၏ လွှမ်းမိုးမှုရှိကြောင်းကို တွေ့ရှိခဲ့သည်။

အစိုးရများသည် ပညာရေးတွင် ပြင်ပမှ ဝန်ဆောင်မှုများကို ပိုမိုအသုံးပြုသည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းသည် ပြည်သူဝန်ဆောင်မှုများနှင့် လုပ်ငန်းကျွမ်းကျင်မှုကို ထိခိုက်စေနိုင်သည်ဟု ပြင်ပဝန်ဆောင်မှုများကို ဝေဖန်သူများက စိုးရိမ်ကြသည်။ ဩစတြေးလျှမ္ခခွဲခြမ်းစိတ်ဖြာချက်တစ်ခုအရ သန့်ရှင်းရေးဝန်ထမ်းများကို ကန်ထရိုက်ဖြင့် ငှားရမ်းခြင်း တိုးလာခြင်းသည် ကန်ထရိုက်တာများ တိုးပွားလာခြင်း ၊ လုပ်အားခနည်းပါးသည့် ဖြစ်ပွားမှုများ တိုးလာစေခြင်း၊ သန့်ရှင်းရေးလုပ်ချိန်များ လျှော့လာစေခြင်းနှင့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေး စံနှုန်းများ နိမ့်ကျခြင်းတို့ကို ဦးတည်ကြောင်း တွေ့ရှိခဲ့သည်။

အုပ်ချုပ်မှုနှင့် စည်းမျဉ်းတင်းကြပ်မှု

အစိုးရမဟုတ်သော ပညာရေးဝန်ဆောင်မှုပေးသူများကို အုပ်ချုပ်မှုမှာ တကွဲတပြား ဖြစ်နေတတ်သည်။ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ထိရောက်သော စည်းမျဉ်းများသည် အစိုးရများ၏ အရည်အသွေး ကောင်းမွန်သော သာတူညီမျှပညာရေးကို ပေးဆောင်နိုင်မှု၏ အဓိကအချက်များဖြစ်သည်။ နိုင်ငံပေါင်း ၉၄ နိုင်ငံ၏ ပညာရေးကဏ္ဍအစီအစဉ်များ သို့မဟုတ် မဟာဗျူဟာများတွင် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများ၏ ပညာရေးပံ့ပိုးမှု သို့မဟုတ် အခြားဝန်ဆောင်မှုများကို မျှော်မှန်းထားသည်။ အချို့နိုင်ငံများတွင် ဝန်ကြီးဌာနများ သို့မဟုတ် ဌာနဆိုင်ရာများအကြား တာဝန်များ ခွဲဝေယူကြသည်။ တကွဲတပြားဖြစ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းမရှိခြင်းနှင့် လုပ်ဆောင်ချက်များထပ်နေခြင်း သို့မဟုတ် တာဝန်များကို ရှင်းလင်းစွာ မဖော်ပြထားခြင်းသည် သာတူညီမျှမှုနှင့် အရည်အသွေးကို အပျက်သဘောဆောင်ပါသည်။ နိုင်ငံများ၏ ၃၉ % တွင်သာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရေးအတွက် တာဝန်ယူရသော နိုင်ငံအဆင့် ပုဂ္ဂလိက ပညာရေးဌာန၊ ဌာနခွဲ သို့မဟုတ် အေဂျင်စီရှိကြသည်။ နိုင်ငံများ၏ ၈၃% တွင် ပညာရေးဝန်ကြီးဌာနများသည် အစိုးရမဟုတ်သော ပံ့ပိုးပေးသူများအတွက် အရည်အသွေး ထိန်းချုပ်မှုအတွက် တာဝန်ရှိပြီး ၁၃ % တွင် အမျိုးမျိုးသော အာဏာပိုင်များက ပြုလုပ်လျှက်ရှိသည်။ နိုင်ငံများ၏ ၂၂ % နှင့် အာဖရိက မြောက်ပိုင်းနှင့် အနောက်အာရှတွင် ၇၀ % သည် ပညာရေးဝန်ကြီးဌာနများထက် သာသနာရေးဝန်ကြီးဌာနများက ဘာသာရေးကျောင်းများအတွက် တာဝန်ရှိသည်။

ရန်ပုံငွေယန္တရားများသည် အုပ်ချုပ်မှုအပေါ် သက်ရောက်မှုရှိသည်။ အစိုးရ မဟုတ်သော ပါဝင်ပတ်သက်သူများသည် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောအားဖြင့် အစိုးရဘဏ္ဍာရေး အထောက်အပံ့ကို ရရှိကြသည် – ၎င်းတွင် ကျောင်းသားများအား ထောက်ပံ့ငွေ (နိုင်ငံများ၏ ၇၉%)၊ မိဘများအတွက် ထောက်ပံ့ငွေ (၁၉%)၊ ဆရာများ၏ လစာ သို့မဟုတ် အခြားသော လုပ်ငန်းအတွေ့အကြုံ ထောက်ပံ့မှု (၆၀%) နှင့် ချေးငွေ သို့မဟုတ် လက်ဆောင်များ (၁၉%) ပါဝင်သည်။ အများပိုင် – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု များတွင်လည်း တစ်ဦးချင်းစီကြားရှိ အမျိုးမျိုးသော ပူးပေါင်းဆောင်ရွက်မှု အဆင့်သာမက မူဝါဒအမျိုးမျိုးနှင့် စည်းမျဉ်းစည်းကမ်းထိန်ကျောင်းမှု အမျိုးမျိုး ပါဝင်ပါသည်။ ရန်ပုံငွေယန္တရားများဆိုင်ရာ လေ့လာမှုများအား ပြန်လည်သုံးသပ်မှုတွင် အကျိုးသက်ရောက်မှုသည် မကြာခဏ အနုတ်လက္ခဏာဖြစ်ကြောင်း တွေ့ရှိရပါသည်။ လေ့လာမှု ၉၈ ခု၏ အနည်းဆုံး သုံးပုံနှစ်ပုံတွင်၊ ပုဂ္ဂလိက ကျောင်းနှင့် ရပ်ရွာကျောင်းများအား ထောက်ပံ့မှုသည် သာတူညီမျှမှုအပေါ် သက်ရောက်မှုမှာ အနုတ်လက္ခဏာဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

စည်းမျဉ်းစည်းကမ်းများနှင့် ထိန်းကျောင်းခြင်းဖြင့် ပညာရေးတွင် အရည်အသွေးနှင့် သာတူညီမျှမှုကို မြှင့်တင်ပေးသင့်သည်။ နိုင်ငံတိုင်းနီးပါးတွင် မှတ်ပုံတင်ခြင်းနှင့် လိုင်စင်ပေးခြင်းအပါအဝင် အစိုးရမဟုတ်သော ကျောင်းများ၏ ကျောင်းဝင်ခွင့်နှင့် လုပ်ငန်း

လည်ပတ်ခြင်းအတွက် လိုအပ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်းများရှိသည်။ နိုင်ငံများ၏ ၈၀% တွင် မြေကွက် သို့မဟုတ် အဆောက်အဦး အရွယ်အစားနှင့် အနိမ့်ဆုံး စာသင်ခန်းနေရာများကဲ့သို့သော နေရာလိုအပ်ချက်များနှင့် ပတ်သက်သည့် စည်းမျဉ်းများရှိပါသည်။ အိန္ဒိယနိုင်ငံ ဟာရန ပြည်နယ်တွင် စာသင်ကျောင်းများ တည်ထောင်ရန်အတွက် အဆောက်အအုံများကို ပိုင်ဆိုင်ခွင့် သို့မဟုတ် ငှားရမ်းခွင့် အနည်းဆုံး နှစ် ၂၀ ရှိရန် လိုအပ်သည်။ အခြားပြည်နယ်ဖြစ်သော ဥဋ္ဌာပရာဒဇ်သည် ကျောင်းတစ်ခုကို အသိအမှတ်ပြုရန်အတွက် ကျောင်းသားတစ်ဦးလျှင် အနည်းဆုံးဧရိယာ ($9m^2$) နှင့် စာသင်ခန်း အရွယ်အစား ($180m^2$) စံသတ်မှတ်ချက်နှစ်ခုကို အသုံးပြုသည်။ စည်းမျဉ်းများတွင် ရေနှင့် အိမ်သာ ရရှိမှုများလည်း ပါဝင်သည်။ ဒေတာရရှိသောနိုင်ငံများ၏ ၄၇ % တွင်၊ ကျားမ သီးသန့်အသုံးပြုသော အိမ်သာများ အစိုးရ မဟုတ်သော ကျောင်းများတွင် ပါဝင်ရသည်။ နိုင်ငံများ၏ ၇၄% တွင် ကျောင်းသား/ဆရာအချိုးကို ထိန်းညှိထားသည်။ နိုင်ငံများ၏ ၅၅% ခန့်တွင် အစိုးရ မဟုတ်သော ကျောင်းများတွင် ကျောင်းဝင်ခွင့်ဆိုင်ရာ စည်းမျဉ်းများရှိပြီး ၆၇% တွင် မသင်မနေရ ပညာရေး အဆင့်များအတွက် အစိုးရမဟုတ်သော ကျောင်းများ၏ နှုန်းထားများကို ထိန်းညှိထားသည်။ နိုင်ငံ သုံးပုံ နှစ်ပုံတွင် သင်ရိုးညွှန်းတမ်းနှင့် ပတ်သက်သော စည်းမျဉ်းများရှိသည်။ လွန်ခဲ့သည့် ၁၀ နှစ်အတွင်း နိုင်ငံပေါင်း ၂၁ နိုင်ငံက စီးပွားဖြစ်လုပ်ကိုင်ခြင်းဆိုင်ရာ စည်းမျဉ်းများနှင့် နိုင်ငံ ၈၀ က ဆရာအသိအမှတ်ပြုလက်မှတ်ဆိုင်ရာ စည်းမျဉ်းများကို ထုတ်ပြန်ခဲ့သည်။

အကောင်အထည်ဖော်မှု အားနည်းခြင်းနှင့် လုံလောက်သော တာဝန်ခံမှု အားနည်းခြင်းသည် ပညာရေး အရည်အသွေး နှင့် သာတူညီမျှမှုကို ထိခိုက်စေပါသည်။ စည်းမျဉ်းစည်းကမ်းများ ထားရှိခြင်းဖြင့် အစိုးရမဟုတ်သော ဝန်ဆောင်မှုပေးသူများက လိုက်နာသည်ဟု မဆိုလိုပါ။ ဝင်ငွေနည်းပြီး အလယ်အလတ် တန်းစားနိုင်ငံအချို့တွင် ရှုပ်ထွေးသော၊ စျေးကြီးသော သို့မဟုတ် ရှည်လျားသော မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များသည် ဝန်ဆောင်မှုပေးသူများကို တရားဝင် အသိအမှတ်ပြုမှုမရရှိစေရန် ဟန့်တားသည်။ နိုင်ဂျီးရီးယားနိုင်ငံ လဂိုစ် ပြည်နယ်အစိုးရသည် ၂၀၂၁ ခုနှစ်အထိ ပုဂ္ဂလိကကျောင်းပေါင်း ၂၀,၀၀၀ ခန့်တွင် ၄ ကျောင်းအနက် ၁ ကျောင်းသာ ခွင့်ပြုခဲ့သည်။ အနည်းဆုံး နိုင်ငံပေါင်း ၂၇ နိုင်ငံ၏ စာရင်းအင်းများအရ မှတ်ပုံမတင်ထားသော ကျောင်းများကို အသိအမှတ်ပြုပါသည်။ ယူဂန်ဒါနိုင်ငံသည် အစိုးရမဟုတ်သော ကျောင်းများကို လိုင်စင်ရကျောင်း၊ မှတ်ပုံတင်ထားသည့် ကျောင်းနှင့် မှတ်ပုံတင်ထားခြင်း မရှိသောကျောင်းများအဖြစ် အမျိုးအစားခွဲခြားသည် – မူလတန်းကျောင်းများ၏ ၁၄% နှင့် အလယ်တန်းကျောင်းများ၏ ၁၃% သည် မှတ်ပုံတင်ထားခြင်းမရှိသေးပါ။ ကြီးကြပ်မှုကင်းမဲ့ခြင်းသည် အလွတ်သဘော ကျောင်းသားရွေးချယ်မှုတွင် အကျိုးသက်ရောက်နိုင်သည်။ ကိုလံဘီယာနိုင်ငံ၊ ဘိုဂိုတာတွင် ရပ်ရွာအခြေပြု ကျောင်းအစီအစဉ်ကို ထိခိုက်လွယ်သော ကျောင်းသားများအား ဝန်ဆောင်မှုပေးရန် တည်ထောင်ထားပြီး၊ ကျောင်းဝင်ခွင့်မူဝါဒသည် ခွဲခြားဆက်ဆံမှု မရှိခြင်းနှင့် အနီးတဝိုက် နေထိုင်သူများအပေါ် အခြေခံထားသည်။ လက်တွေ့တွင် ကျောင်းသားများကို ပညာရေးစွမ်းဆောင်ရည်အပေါ် အခြေခံ၍ ရွေးချယ်ခဲ့သည်။

အရည်အသွေးအာမခံချက် လုပ်ငန်းစဉ်များနှင့် စံချိန်စံညွှန်းများ ကွဲပြားသည်။ လက်တွေ့တွင် နိုင်ငံတိုင်းသည် ကျောင်းစစ်ဆေးခြင်းမှတစ်ဆင့် ပြဋ္ဌာန်းထားသော ကျောင်းစံနှုန်းများကို လိုက်နာကျင့်သုံးစေသည်။ နိုင်ငံများ၏ ၈၁% တွင်၊ ဤတာဝန်ဝတ္တရားသည် အစိုးရမဟုတ်သော ကျောင်းအမျိုးအစားအားလုံးနှင့် သက်ဆိုင်ပါသည်။ ၆% တွင် အစိုးရအကူအညီပေးသော ကျောင်းများအတွက်သာဖြစ်သည်။ ထို့အပြင် နိုင်ငံများ၏ ၈၁% တွင် အစိုးရမဟုတ်သော ကျောင်းများအကြီးစား စစ်ဆေးအကဲဖြတ်မှုတွင် ပါဝင်ရန် စည်းမျဉ်းများရှိသည်။ ထိုနိုင်ငံများ၏ ထက်ဝက်ကျော်တွင် အစိုးရမဟုတ်သော ကျောင်းအမျိုးအစားအားလုံး အကျုံးဝင်မည်ဖြစ်ပြီး ၁၂% တွင် အစိုးရအကူအညီပေးသည့် ကျောင်းများနှင့်သာ သက်ဆိုင်ပါသည်။

ထိရောက်သော တာဝန်ခံမှုယန္တရားများ၊ ပိတ်ဆို့အရေးယူမှုများနှင့် ပြန်လည်ဖြေရှင်းရေးယန္တရားများသည်လည်း လိုက်နာမှုကို မြှင့်တင်နိုင်သည်။ အစိုးရသည် ပညာရေးဝန်ဆောင်မှုပေးသူများ၏ အရည်အသွေး၊ သွင်းအားစုများ၊ ဘေးကင်းရေးနှင့် ပါဝင်မှုဆိုင်ရာများကို စံချိန်စံညွှန်းများနှင့်အညီ တာဝန်ခံသင့်သည်။ နိုင်ငံအားလုံးနီးပါးသည် စည်းကမ်းများကို မလိုက်နာပါက ဒဏ်ခတ်ပိတ်ဆို့မှုများ၊ ကျောင်းပိတ်ခြင်း သို့မဟုတ် လိုင်စင်ရုပ်သိမ်းခြင်းတို့ကို ကျင့်သုံးပါသည်။ နိုင်ငံအချို့၏ ၅၄% သည်လည်း ထိုကဲ့သို့သော ပိတ်သိမ်းမှု၏ ကြာချိန်ကို ထိန်းညှိသည်။ နိုင်ငံပေါင်း ၉၀ ခန့်တွင် ဆရာများနှင့် ကျောင်းဝန်ထမ်းများအတွက် ကျင့်ဝတ်များ သို့မဟုတ် နိတိများရှိပြီး များသောအားဖြင့် အစိုးရမဟုတ်သော ဝန်ဆောင်မှုပေးသူများလည်း အကျုံးဝင်ပါသည်။

ပုဂ္ဂလိက ဖြည့်စွက်ကျူရှင်များကို စည်းမျဉ်းကြီးကြပ်ခြင်း နည်းပါးသည်။ နိုင်ငံများ၏ ၄၈% တွင် ကိုယ်ပိုင်ကျူရှင်သင်ကြားခြင်းကို ကြီးကြပ်ခြင်း နည်းပါးသည်။ ၎င်းကို နိုင်ငံပေါင်း ၅၃ နိုင်ငံကသာ ပညာရေးဥပဒေတွင် ထိန်းချုပ်ထားပြီး ၁၉ နိုင်ငံသည် စီးပွားရေးဆိုင်ရာ ဥပဒေအောက်တွင်သာ ထိန်းကျောင်းထားသည်။ ကျူရှင်ဆရာများ ၏ လိုအပ်သော အရည်အချင်းများကို နိုင်ငံများ၏ ၃၁% တွင် စည်းမျဉ်းသတ်မှတ်ထားသည်။ နိုင်ငံပေါင်း ၁၀ နိုင်ငံက ဆရာ၊ ဆရာမများကို ကျူရှင်မသင်ရန် အတိအလင်း တားမြစ်ထားသည်။ တရုတ်နိုင်ငံ ၂၀၂၁ ဥပဒေတွင် ကုမ္ပဏီများသည် မသင်မနေရ ကျောင်းပညာရေး သင်ရိုးညွှန်းတမ်းများကို အမြတ်အစွန်းမရှာရန်နှင့် လိုင်စင်အသစ်ထုတ်ပေးခြင်းမှ တားမြစ်ပိတ်ပင်ထားသည်။ လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရန် ကုမ္ပဏီများသည် အကျိုးအမြတ်မယူသောသူများ ဖြစ်လာရန် လိုအပ်ပါသည်။ အစိုးရသည် ပုဂ္ဂလိက ကျူရှင်ကုမ္ပဏီများကို ကြီးကြပ်ကွပ်ကဲရန် သီးသန့်ဌာနတစ်ခု ထူထောင်ထားသည်။

ဘက္ကာရေး

အစိုးရများသည် အစိုးရမဟုတ်သော ဝန်ဆောင်မှုပေးသူများကို ရန်ပုံငွေ ပေးခြင်း/မပေးခြင်း နှင့် မည်ကဲ့သို့ ပေးမည်ဟု ဆုံးဖြတ်ချက်များတွင် ကွဲပြားသည်။ ကနေဒါနိုင်ငံတွင် အစိုးရသည် ပုဂ္ဂလိကကျောင်းအသုံးစရိတ်၏ ၃၀%နှင့် အစိုးရကျောင်းအသုံးစရိတ်၏ ၉၄% အတွက် သုံးစွဲသည်။ နယ်သာလန်တွင် မည်သည့် ကျောင်းအမျိုးအစားမဆို ကျောင်းအားလုံးတွင် ဝန်ထမ်းများနှင့် လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်များအတွက် အစိုးရထောက်ပံ့ကြေးများနှင့် ချို့တဲ့သော လူမှုစီးပွားရေးနောက်ခံများနှင့် အထူးပညာရေးလိုအပ်သော ကျောင်းသားများအတွက် ထပ်လောင်းရန်ပုံငွေများကို လက်ခံရရှိပါသည်။ ၂၀၀၀ ခုနှစ်မှစ၍ ချီလီ၊ ဟန်ဂေရီ၊ ဆွီဒင်နှင့် ဖြိတိန်တို့အပါအဝင် နိုင်ငံအများအပြားသည် အစိုးရထံမှ ရန်ပုံငွေ ၅၀% အနည်းဆုံးရရှိသော မှီခို ပုဂ္ဂလိက ကျောင်းများတွင် ကျောင်းအပ်နှံမှု တိုးများလာသည်ကို ကြုံတွေ့ခဲ့ရသည်။

အစိုးရများသည် အစိုးရမဟုတ်သော ကျောင်းများ၏ အသုံးစရိတ်အချို့ကိုသာ ငွေကြေးထောက်ပံ့သည်။ ဘင်္ဂလားဒေ့ရှ်တွင် ကျောင်းသားအားလုံး၏ ၉၆% ကို စာရင်းသွင်းထားသည့် အစိုးရမဟုတ်သော အလယ်တန်း၊ အထက်တန်းကျောင်း ၁၆,၀၀၀ ကျော်နှင့် အစ္စလာမ်ကောလိပ်ကျောင်း ၇၆၀၀ သည် ဆရာလစာအတွက် လစဉ်ကြေးများ လက်ခံရရှိနေသည်။ သို့သော် အစိုးရမဟုတ်သော မူလတန်းကျောင်း ၈၅% ရှိသော ဟောတီတွင် လစာကုန်ကျစရိတ်များကို မရရှိပါ။ အိန္ဒိယနိုင်ငံတွင် မူလတန်းနှင့် အလယ်တန်းကျောင်းများ၏ ၆% သာ ၂၀၁၉/၂၀ တွင် ဆရာလစာအတွက် ထောက်ပံ့ကြေးများ ရရှိခဲ့သည်။ အင်ဒိုနီးရှားတွင် ပုဂ္ဂလိက ကျောင်းအားလုံး၏ ၃၅% ရှိသော အစ္စလာမ်ဘော်ဒါကျောင်းများနှင့် ကောလိပ်ကျောင်းများသည် ရန်ပုံငွေယန္တရားအချို့မှ ဖယ်ထုတ်ခံရသည်။

အချို့သော အစိုးရများသည် အစိုးရမဟုတ်သော ကျောင်းများတွင် ဆင်းရဲနွမ်းပါးသော ကျောင်းသားများ ကျောင်းဝင်ခွင့်ကို အားပေးသည်။ အိန္ဒိယနိုင်ငံ ၂၀၀၉ ခုနှစ် ပညာသင်ခွင့် ဥပဒေတွင် ပုဂ္ဂလိက ကျောင်းများအား အတန်း ၁ တန်း၏ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေနည်းမိသားစုများမှ ကလေးများအား ပေးဆောင်ရန် ပြဋ္ဌာန်းသည်။ အပြန်အလှန်အားဖြင့် အစိုးရက ၎င်းတို့၏ ကျူရှင်စရိတ်များကို ပြန်ပေးခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့်၊ ကို့တ် ဒီ-လဗွိုင်းတွင် ၂၀၁၀/၁၁ ခုနှစ်နှင့် ၂၀၁၇/၁၈ ခုနှစ်ကြား၌ ထောက်ပံ့ထားသော အလယ်တန်း၊ အထက်တန်းကျောင်းများရှိ ကျောင်းသားအရေအတွက်သည် လေးဆ တိုးလာသော်လည်း သာတူညီမျှဝင်ရောက်ခွင့်ကို ပစ်မှတ်ထားဆောင်ရွက်ခြင်း မရှိချေ။

အိမ်ထောင်စုများသည် ကြီးမားသော ဝန်ထုပ်ဝန်ပိုးများနှင့် ခက်ခဲသော ရွေးချယ်မှုများနှင့် ရင်ဆိုင်နေရသည်။ အိမ်ထောင်စုပညာရေးအသုံးစရိတ်သည် ဝင်ငွေမြင့်သောနိုင်ငံများတွင် GDP ၏ ၀.၃ % နှင့် ဝင်ငွေနည်းသောနှင့် အလယ်အလတ် နိုင်ငံများတွင် ၁% ဖြစ်သည်။ ၎င်းသည် အယ်လ်ဆာဗေဒိုတွင် GDP ၏ ၁.၂%၊ မော်ရိုကိုတွင် ၁.၅%၊ အိန္ဒိယတွင် ၁.၈ % နှင့် ဂန်းနာတွင် ၂.၅% တို့ဖြစ်သည်။ အာဂျင်တီးနား၊ ကော်စတာရီကာ၊ ဖိလစ်ပိုင်နှင့် ဇမ်ဘီယာတို့တွင် အဆင်းရဲဆုံး အိမ်ထောင်စု ၂၀% သည် ပညာရေးအတွက် သုံးစွဲမှုမရှိသော်လည်း အချမ်းသာဆုံး ၂၀% သည် GDP ၏ ၀.၅% နှင့် ၁.၇ % ကြား သုံးစွဲကြသည်။

အများဆိုင် အစိုးရ ပညာရေးသည် အခမဲ့မဟုတ်ပေ။ ဝင်ငွေနည်းနှင့် အလယ်အလတ် နိုင်ငံများတွင် အစိုးရ ကျောင်းများတွင် ကလေးရှိသည့် အိမ်ထောင်စုများသည် အိမ်အသုံးစရိတ်၏ သုံးပုံတစ်ပုံခန့် သုံးစွဲကြသည်။ ဂွာတီမာလာနှင့် ပါကစ္စတန်နိုင်ငံများတွင် ပုဂလိက ကျောင်းထားရှိသည့် အိမ်ထောင်စုများသည် အသုံးစရိတ်၏ ၈၀% ကို သုံးစွဲပြီး၊ တရုတ်နှင့် ကင်ညာ နိုင်ငံရှိ အစိုးရကျောင်းများတွင် ကလေးရှိသော အိမ်ထောင်စုများသည် အသုံးစရိတ်၏ ၆၀% ခန့်သုံးသည်။ ထန်ဇနီးရားနိုင်ငံ၏ ကျေးလက်ဒေသများတွင် မိသားစုလေးပုံသုံးပုံကျော်သည် အလှူငွေများနှောင့်နှေးပါက ကလေးများအား အပြစ်ပေးခံရနိုင်သည်ဟု သတိပြုမိကာ မူလတန်းကျောင်းအလှူငွေများကို မဖြစ်မနေ လုပ်ဆောင်ရမည်ဟု ရှုမြင်ပါသည်။ ဩစတြေးလျတွင် မိဘများ၏ ပံ့ပိုးမှုများသည် ကျောင်းများကြား မညီမျှမှုကို ပိုမိုဆိုးရွားစေသည်။

သီးသန့် ဖြည့်စွက်ကျူရှင်သည် အိမ်ထောင်စုများစွာအတွက် အဓိကကုန်ကျစရိတ်ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံရှိ အိမ်ထောင်စုများသည် စုစုပေါင်းပညာရေးအသုံးစရိတ်၏ သုံးပုံတစ်ပုံခန့်ကို ကျောင်းပြင်ပစရိတ်အဖြစ် ခွဲတမ်းထားခဲ့သည်။ ကျေးလက်တွင် အိမ်ထောင်စုများ၏ ၁၇% မှ မြို့ပြတွင် အိမ်ထောင်စုများ၏ ၄၂% အထိ ကွဲပြားသည်။ အီဂျစ်တွင် အိမ်ထောင်စုများ၏ အချမ်းသာဆုံးအုပ်စုမှ ၅၁% နှင့် အဆင်းရဲဆုံးအုပ်စုမှ ၂၉% သည် ပျမ်းမျှအားဖြင့် အလယ်တန်းနှင့် အထက်တန်းပညာရေးအတွက် ပုဂ္ဂလိက သင်ကြားခြင်းများတွင် သုံးစွဲကြသည်။ မြန်မာနိုင်ငံတွင် ကျူရှင်သင်ကြားမှုသည် အိမ်ထောင်စုပညာရေးအသုံးစရိတ်စုစုပေါင်း၏ ၄၂ ရာခိုင်နှုန်း ဖြစ်သည်။

ပုဂ္ဂလိက ပံ့ပိုးပေးသူများသည် အိမ်ထောင်စုလက်ငင်းအသုံးစရိတ်အပေါ်တွင် မှီခိုသည်။ အထက်တန်းအလယ်အလတ်နှင့် ဝင်ငွေမြင့်ပညာရေးစနစ် ၅၁ ခုအနက် ၂၈ ခုတွင် ပုဂ္ဂလိက အလယ်တန်းကျောင်းအများစုသည် ၎င်းတို့၏ ၀င်ငွေ၏ အနည်းဆုံး ၈၀% ကို ကျောင်းလခမှ ရရှိသည်။ ဝင်ငွေနည်းသောနိုင်ငံများတွင် ဆင်းရဲသောမိဘများသည် ပုဂ္ဂလိက ကျောင်းစရိတ်များကို ကိုင်တွယ်ဖြေရှင်းရန် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြုကြသည်။
တစ်ကမ္ဘာလုံးရှိ မိသားစုခြောက်စုတွင် တစ်စုသည် ကျောင်းလခပေးဆောင်ရန် စုဆောင်းထားရှိပြီး အိမ်ထောင်စုများ၏ ၈% ခန့်မှာ ချေးငှားပါသည်။ ဟောတီ၊ ကင်ညာ၊ ဖိလစ်ပိုင်နှင့် ယူဂန်ဒါတို့တွင် အိမ်ထောင်စုများ၏ ၃၀% သို့မဟုတ် ထို့ထက်များသော အိမ်ထောင်စုများက ကျောင်းလခအတွက် ချေးငှားကြသည်။

ပုဂ္ဂလိကကျောင်းများ၏ ရန်ပုံငွေသည် COVID-19 ကြောင့် သိသိသာသာ ထိခိုက်ခဲ့သည်။ ကပ်ရောဂါကြောင့် ပုဂ္ဂလိကကျောင်းများ အထူးသဖြင့် ကျောင်းလခကို မှီခိုနေရသော ကျောင်းများကို ထိခိုက်ခဲ့သည်။ နိုင်ဂျီးရီးယားသည် ပုဂ္ဂလိက ကျောင်းဆရာများအား ပေးဆောင်ရန် အတိုးနည်းသောချေးငွေဖြင့် လှုံ့ဆော်မှု အစီအစဉ်ကို စတင်ခဲ့သည်။ ဂါနာနိုင်ငံတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အထွေထွေအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပုဂ္ဂလိက ကျောင်းများသည် ပံ့ပိုးမှုရရှိခဲ့သည်။ ဗီယက်နမ်နိုင်ငံမှ ငွေသားလွှဲပြောင်းမှု အစီအစဉ်များကို ပုဂ္ဂလိကကျောင်းဆရာများပါ လွှမ်းခြုံနိုင်ရန် တိုးချဲ့ခဲ့သည်။ ပနားမားတွင် ၃၅% မှ ၄၀% သော မိဘများသည် လစဉ်ကြေးအရစ်ကျများကို မပေးဆောင်နိုင်ပါ။ အီကွေဒေါတွင် အစိုးရကျောင်းအပ်နှံမှုသည် ၆.၅% သို့မဟုတ် ပုဂ္ဂလိကကျောင်းများမှ ပြောင်းရွှေ့လာသော ကျောင်းသား ၁၂၀,၀၀၀ တိုးလာသည်။

ပုဂ္ဂလိကပညာရေးအတွက် ထောက်ပံ့ငွေအသုံးပြုမှုကို ငြင်းခုံဆွေးနွေးခဲ့ကြသည်။ ပညာရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁.၂ ဘီလီယံနီးပါးရှိသော နိုင်ငံတကာ ဘဏ္ဍာရေးကော်ပိုရေးရှင်းမှ ၁၅ ရာခိုင်နှုန်းကို ပုဂ္ဂလိက ကျောင်းခွဲများသို့ ခွဲဝေပေးခဲ့သော်လည်း အရပ်ဘက်အဖွဲ့အစည်းများ၏ ဖိအားပေးမှုကြောင့် ၂၀၁၉ ခုနှစ်တွင် အခကြေးငွေကောက်ခံသော ပုဂ္ဂလိက ကျောင်းများတွင် ရင်းနှီးမြှုပ်နှံမှုကို ရပ်ဆိုင်းခဲ့သည်။ ပညာရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းသည် ပုဂ္ဂလိက ကဏ္ဍဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို ဖော်ဆောင်ခဲ့သော်လည်း ၎င်း၏ ညှိနှိုင်းမှုအတွင်း အတိုက်အခံများက ရန်ပုံငွေများကို စီးပွားဖြစ် အခြေခံပညာရေးဝန်ဆောင်မှုများကို ပံ့ပိုးပေးရန်အတွက် အသုံးပြုခြင်းအား တားမြစ်သည့် အပိုဒ်ကို ဖြစ်ပေါ်စေခဲ့သည်။

အလှူရှင်များသည် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများကို စမ်းသပ်နေကြသည်။ အီဂျစ်၊ ဖိလစ်ပိုင်နှင့် တောင်အာဖရိကရှိ အစိုးရပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ မြှင့်တင်ရန်နှင့် ချဲ့ထွင်ရန် အတွက် ငွေကြေးကျပ်တည်းနေသောအစိုးရများသည် ပုဂ္ဂလိက အရင်းအနှီးတစ်ရပ်ကို မြှင့်တင်ခဲ့သည်။ အချို့သော အလှူရှင်များသည် ၎င်းတို့၏ ရန်ပုံငွေများကို မိတ်ဖက်များမှတစ်ဆင့် ဘဏ္ဍာငွေရှာဖွေရာတွင် အထောက်အကူအဖြစ် အသုံးပြုရန် ကြိုးပမ်းခဲ့ကြသည်။ သို့သော် အစိုးရများသည် ၎င်းတို့၏ ရည်မှန်းချက်များ ပြည့်မီရန် စျေးကွက်ကို အသုံးပြု၍ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ဒီဇိုင်းဆွဲ၊ အကောင်အထည်ဖော်ရန်နှင့် ထိန်းညှိခြင်းကို ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်မည်လားဟူ၍ စိုးရိမ်နေကြသည်။

ပညာရေးတွင် ပရဟိတနှင့် ကော်ပိုရိတ်လုပ်ငန်းများ၏ ငွေကြေးပံ့ပိုးမှုမှာ နည်းပါးပါသည်။ ပညာရေးအတွက် ပရဟိတ ဖောင်ဒေးရှင်းများ၏ သုံးစွဲမှုပမာဏ တိုးပွားလာသည်ဟု ထင်မြင်နေသော်လည်း ၎င်းသည် နည်းပါးနေသေးသည်။ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) ၏ အစပြုမှုတစ်ခုဖြစ်သည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဖောင်ဒေးရှင်း ကွန်ရက်တွင် ဖောင်ဒေးရှင်း ၁၄၃ ခုမှ ပရဟိတ ပေးကမ်းခြင်းများကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာခြင်း အရ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သုံးနှစ်အတွင်း ပညာရေးသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံ ရရှိခဲ့ကြောင်း ခန့်မှန်းထားသည်။ ၎င်းသည် လှူဒါန်းမှုအားလုံး၏ ၉ ရာခိုင်နှုန်းနှင့် ညီမျှသည်။

သြဇာလွှမ်းမိုးမှု

ထိရောက်မှု၊ ဆန်းသစ်တီထွင်မှုနှင့် သာတူညီမျှမှုဆိုင်ရာ ငြင်းခုံမှုများသည် ပညာရေးတွင် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ ဆွေးနွေးငြင်းခုံမှုများ၏ အဓိကအချက်ဖြစ်သည်။ ငြင်းခုံမှုများသည် ကမ္ဘာကြီး၏ မတူညီသောအမြင်နှစ်ခု ထိပ်တိုက်တွေ့မှုကြောင့် မကြာခဏဆိုသလို ခါးသီးမှုနှင့် မယုံကြည်မှု လက္ခဏာဆောင်လေ့ရှိသည်။ အမျိုးမျိုးသော အဖွဲ့များသည် အစိုးရမဟုတ်သောသူများ၏ အခန်းကဏ္ဍကို ထောက်ခံရန် သို့မဟုတ် ကန့်ကွက်ရန်အတွက် လူထုအမြင်နှင့် ပညာရေးမူဝါဒကို လွှမ်းမိုးရန် ကြိုးစားကြသည်။ သူ

တို့သည် စည်းရုံးလှုံ့ဆော်ခြင်းနှင့် ကွန်ရက်များနှင့် ချိတ်ဆက်ခြင်း၊ သုတေသနနှင့် ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများ ရောင်းချခြင်းဖြင့် ရန်ပုံငွေရှာဖွေခြင်းများ ပြုလုပ်ကြသည်။ နိုင်ငံရေး အယူအဆများနှင့် စီးပွားရေး အကျိုးစီးပွားများ ပြိုင်ဆိုင်မှုတွင် ပါဝင်သူများသည် ၎င်းတို့၏ အမြင်ကို အောင်မြင်စေရန် တရားမဝင် နည်းလမ်းများကို အသုံးပြုကြသည်။ ပြည်သူ့ပညာရေးမူဝါဒ လုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုနှင့် ခိုင်မာမှုကို ထိန်းသိမ်းရန်နှင့် အပ်နှင်းထားသော အကျိုးစီးပွားများကို ထိန်းထားရန် စိန်ခေါ်မှုရှိနေသည်။

ပါဝင်သူအုပ်စု အများစုသည် ပညာရေးတွင် အစိုးရမဟုတ်သော ဝန်ဆောင်မှုပေးသူများအပေါ် တူညီသော ရပ်တည်ချက် မရှိကြပေ။ အရပ်ဘက်အဖွဲ့အစည်းများသည် ပညာရေးတွင် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းနှင့် ပေးအပ်ခြင်းအပေါ် စိုးရိမ်ကြောင်း ပြောဆိုကြပြီး ပညာရေးသည် ဒီမိုကရေစီထိန်းချုပ်မှုအောက်တွင် ရှိနေရမည်ဟု မကြာခဏ ဝေဖန်ပြောဆိုကြသည်။ ကမ္ဘာလုံးဆိုင်ရာ ပညာရေး ကမ်ပိန်းကဲ့သို့သော အခွင့်အရေးအခြေပြု လှုပ်ရှားမှုအတွင်းတွင်ပင် အဖွဲ့ဝင်များသည် ၎င်းတို့၏နိုင်ငံများရှိ လက်တွေ့ဖြစ်ရပ်များကို အခြေခံထားသောအမြင်များ ရှိကြသည်။ ဤအစီရင်ခံစာအတွက် အဖွဲ့ဝင်များ ပါဝင်သော စစ်တမ်းတစ်ခုတွင် ၄၃% သည် အမြတ်အစွန်းအတွက် ပံ့ပိုးပေးမှုအပေါ် အပျက်သဘောဆောင်သည့် အမြင်ကို ဖော်ပြခဲ့သော်လည်း ၁၂% က ထောက်ခံပါသည်။ အများပိုင်း – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများကို ထောက်ခံမှု ၄၁% နှင့် ကန့်ကွက်မှု ၂၀% ရှိပြီး ကျန်သူများသည် ရောထွေးသောအမြင်ကို ဖော်ပြသည်။

ကမ္ဘာလုံးဆိုင်ရာ စည်းရုံးရေးကွန်ရက်များသည် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းနှင့် စီးပွားဖြစ်ပြုလုပ်ခြင်းတို့ကို ပညာသင်ကြားခွင့်ကို ခြိမ်းခြောက်မှုအဖြစ် ဘောင်ခတ်ထားသည်။ ဤရှုထောင့်အား အဘိဂျန်မြို့၏ အခြေခံမူများတွင် အများဆိုင် အစိုးရပညာရေးကို ပံ့ပိုးပေးရန်နှင့် ပညာရေးတွင်ပုဂ္ဂလိက ပါဝင်ပတ်သက်မှုကို ထိန်းချုပ်ရန် နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများတွင် ဖော်ပြထားသည်။ ၂၀၁၈ တွင် ကင်ညာနိုင်ငံသား ၁၀ ဦးက အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) အကျိုးအမြတ်အတွက် လွတ်လပ်သော တာဝန်ခံမှု ယန္တရားဖြစ်သည့် Compliance Advisor Ombudsman ထံ တိုင်ကြားခဲ့သည်။ ၎င်းတို့က Bridge International Academies သည် သင်ရိုးညွှန်းတမ်း၊ ကျန်းမာရေး၊ ဘေးကင်းရေးနှင့် အလုပ်သမား စံနှုန်းများကို ချိုးဖောက်နေသည်ဟု စွပ်စွဲထားသည်။ ၂၀၂၀ တွင် ကမ္ဘာ့ဘဏ်၏ လွတ်လပ်သော အကဲဖြတ်အဖွဲ့က ပုဂ္ဂလိက ကျောင်းများတွင် ရင်းနှီးမြှုပ်နှံမှု စစ်ဆေးမှုကို စတင်ခဲ့ချိန်တွင် IFC သည် ကျောင်းလုပ်ငန်းခွဲများတွင် ရင်းနှီးမြှုပ်နှံမှုများ ရပ်ဆိုင်းခဲ့သည်။

နိုင်ငံတကာ အဖွဲ့အစည်းများစွာမှ အစိုးရမဟုတ်သော ပံ့ပိုးပေးသူများထံ ရင်းမြစ်များနှင့် ပံ့ပိုးမှုဖြင့် အစီအစဉ်များကို လွှမ်းမိုးပါသည်။ ကမ္ဘာ့ဘဏ်မှ မူဝါဒချမှတ်ခြင်းအပေါ် လွှမ်းမိုးနိုင်သည့် လမ်းကြောင်းများထဲတွင် ပုဂ္ဂလိကကဏ္ဍ ထိတွေ့ဆက်ဆံမှုဆိုင်ရာသည် သီးခြားကဏ္ဍတစ်ခုဖြစ်ပြီး ပိုမိုကောင်းမွန်သော ပညာရေးရလဒ်များအတွက် စနစ်ချဉ်းကပ်မှုအောက်တွင် သင်ယူမှု မြှင့်တင်ရန်အတွက် အရေးကြီးဆုံးမူဝါဒ နယ်ပယ် ၁၃ ခု အနက်မှ တစ်ခုအဖြစ် သတ်မှတ်ထားသည်။ နိုင်ငံပေါင်း ၁၀ တွင် ၉ နိုင်ငံမှ ပုဂ္ဂလိက ပံ့ပိုးမှုတိုးချဲ့ရန် အကြံပြုထားသည်။ ယူနီဆက်ဖ်မှ အကောင်အထည်ဖော်နေသော ပညာရေး ရလဒ်များရန်ပုံငွေသည် ပညာရေး ရလဒ်တွင် မှတ်တမ်းကောင်းမရှိသော်လည်း ရလဒ်အခြေခံဘဏ္ဍာရေးဆိုင်ရာ ပရောဂျက်များတွင် ရင်းနှီးမြှုပ်နှံရန် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ပါသည်။ နိုင်ငံတကာ ပံ့ပိုးကူညီမှုမှ အကျိုးအမြတ်ရရှိသော အဖွဲ့အစည်းများတွင် အင်္ဂလန်ရှိ အစိုးရကျောင်းများ လည်ပတ်ခြင်းမှ လိုင်ဘေးရီးယားနှင့် တောင်အာဖရိက အပါအဝင် နိုင်ငံများတွင် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများကို အကြံပေးခြင်းနှင့် အကောင်အထည်ဖော်ရာတွင် ကူညီပေးခြင်းအထိ တိုးချဲ့လုပ်ဆောင်ခဲ့သည့် Ark အဖွဲ့တို့ ပါဝင်သည်။

အစိုးရ မဟုတ်သောသူများ ပညာရေးတွင် ပါဝင်ပတ်သက်သင့်သည်ဟူသော ဖောင်ဒေးရှင်းများ၏ ရပ်တည်ချက်များမှာ ကွဲပြားသည်။ ကော်ပိုရိတ်နှင့် ပရဟိတဖောင်ဒေးရှင်းများ၏ မတူညီသော စေ့ဆော်မှုများကြောင့် ၎င်းတို့ကို အုပ်စုတစ်ခုအဖြစ် သတ်မှတ်ရန် ခက်ခဲစေသည်။ မကြာခဏဆိုသလို၊ ဖောင်ဒေးရှင်းများသည် မူဝါဒလမ်းကြောင်းများကို လွှမ်းမိုးရန် ကြိုးစားခြင်းကြောင့် ဝေဖန်ခံရလေ့ရှိသည်။ ပရဟိတ Lemann ဖောင်ဒေးရှင်းသည် အကြိမ်ပေါင်းများစွာ ဆွေးနွေးညှိနှိုင်းပြီးနောက် ဘရာဇီးနိုင်ငံရှိ အမျိုးသား ပညာရေးစံနှုန်းများကို မိတ်ဆက်ရာတွင် ကူညီပေးခဲ့သည်။

ဆရာသမဂ္ဂများသည် အများပိုင် ပညာရေးကို ပံ့ပိုးကူညီရန် စည်းရုံးရေး ကြိုးပမ်းမှုများတွင် ရှေ့တန်းမှ ဦးဆောင်နေပါသည်။ သမဂ္ဂများသည် ခိုင်လုံမှုမရှိသော စီးပွားဖြစ် ပြုလုပ်ခြင်း ပြင်ပအရင်းအမြစ်များနှင့် ဝန်ဆောင်မှုများမှတစ်ဆင့် အများပိုင်ပညာရေးကို ထိခိုက်စေရန် ကြိုးပမ်းမှုများကို ထိရောက်စွာ ထုတ်ဖော်ပြသခဲ့သည်။ ဆရာသမဂ္ဂများအဖွဲ့ချုပ်တစ်ခုဖြစ်သည့် Education International က လက်တင်အမေရိကရှိ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေခြင်းသည် တူညီသော ရည်ရွယ်ချက်များကို ထမ်းဆောင်နေသော အစိုးရအဖွဲ့အစည်းများကို ထိခိုက်စေခြင်း ရှိ၊ မရှိ မေးခွန်းထုတ်နေပါသည်။ သို့သော် အချို့သော အခါသမယတွင် အများပိုင်ပညာရေး အားကောင်းအောင် ကြိုးပမ်းအားထုတ်မှုကို အားနည်းစေသည့် သမဂ္ဂ၏ နည်းဗျူဟာသည်လည်း ဝေဖန်ခြင်းခံရသည်။

စီးပွားရေးလုပ်ငန်းများသည် ပညာရေးပြုပြင်ပြောင်းလဲမှုတွင် လူ့စွမ်းအားအရင်းအနှီးဆိုင်ရာ အချက်များနှင့် အခြေခံကာ တိုက်တွန်းလှုံ့ဆော်သည်။ ဂျပန်စီးပွားရေးအသင်းချုပ်သည် ကမ္ဘာတစ်ဝှမ်းရှိ အားကြီးသော စီးပွားရေးဆိုင်ရာ လှုံ့ဆော်မှုများကဲ့သို့ပင် ခေတ်မီတိုးတက်ရေးနှင့် ၂၁ ရာစု ကျွမ်းကျင်မှုများအတွက် ဆွဲဆောင်နိုင်သော ပညာရေးမူဝါဒ အကြံပြုချက်များကို ထုတ်ပြန်ခဲ့သည်။ အချို့က အကြံပြုချက်များသည် အလုပ်ရှင်များ၏ အလုပ်ခန့်ထားမှုနှင့် လေ့ကျင့်ရေး အလေ့အကျင့်များနှင့် ဆန့်ကျင်ဘက်ဖြစ်သည်ဟု ဝေဖန်ကြသည်။ Global Business Coalition for Education က ပညာရေးတွင် နိုင်ငံရေးဆိုင်ရာ ကျော်ကြားမှု ရှိစေရန် အဖွဲ့ဝင်များ၏ ကျွမ်းကျင်မှု၊ ခေါင်းဆောင်မှုနှင့် အရင်းအမြစ်များကို တောင်းဆိုထားသည်။ အများပိုင် ပညာရေး အတွက် အကောင်းဆုံး ပံ့ပိုးမှုမှာ အခွန်ရှောင်ခြင်းနှင့် ရှောင်လွှဲခြင်းကို ဆန့်ကျင်သည့် စစ်မှန်သော လှုပ်ရှားမှုများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်ဟု ဝေဖန်သူများက တုံ့ပြန်ကြသည်။ အများသူငှာ ကောင်းကျိုးနှင့် ကိုက်ညီမှု မရှိသော အစိုးရ၏ ထုတ်ကုန်များကို ဈေးကွက်ရှာဖွေရေး နည်းပညာများကို အသုံးပြုကာ ရောင်းချသည့် ပညာရေးနည်းပညာကုမ္ပဏီများသည် COVID-19 အကျပ်အတည်းကာလအတွင်း မည်သို့ ပြင်းပြင်းထန်ထန် အားစိုက်လုပ်ဆောင်မည်နှင့် အွန်လိုင်းမှ သင်ယူမှုပုံစံအား မည်သို့ပြောင်းလဲမည်ကို လည်း စိုးရိမ်ပူပန်မှုများ ရှိနေပါသည်။

ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ပညာရေး

အစိုးရ မဟုတ်သော ပါဝင်ပတ်သက်သူများသည် ၃ နှစ်အောက်ကလေးများအတွက် စောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှုများကို ဦးဆောင်သည်။ ဝင်ငွေမြင့်မားသော နိုင်ငံ ၃၃ နိုင်ငံတွင် ၂၀၁၈ ခုနှစ် ကျောင်းအပ်မှု စုစုပေါင်း၏ ၅၇ ရာခိုင်နှုန်းသည် ပုဂ္ဂလိက ကျောင်းများဖြစ်သည်။ ဩစတြေးလျ၊ အိုင်ယာလန်၊ နယ်သာလန်၊ နယူးဇီလန်နှင့် ဖြိတိန်တို့တွင် စီးပွားဖြစ် ပုဂ္ဂလိက ကဏ္ဍသည် အဓိက တာဝန်ရှိသူများဖြစ်သည်။ ဂျာမနီတွင် စာရင်းသွင်းမှု၏ ၇၃% သည် ၂၀၁၇ တွင် ပုဂ္ဂလိက ကျောင်းများတွင် ရှိသော်လည်း ပံ့ပိုးပေးသူများ၏ ၃% သာ စီးပွားရေးအတွက် ဖြစ်သည်။ ဝင်ငွေအလယ်အလတ်ရှိသောနိုင်ငံ ၃၃ နိုင်ငံတွင်၊ အစိုးရ မဟုတ်သော ကျောင်းများ၌ ၃ နှစ်အောက် ကလေးများ စာရင်းသွင်းမှုသည် ၄၆ % ရှိပြီး၊ ရုရှားဖက်ဒရေးရှင်းတွင် သုညနီးပါးမှ တူရကီတွင် ၁၀၀ % အထိရှိသည်။ အယ်လ်ဆာဗေးဒေါ အပါအဝင် နိုင်ငံအနည်းငယ်

တွင်သာ အစိုးရပေးဆောင်မှုဆီသို့ အများအပြား ကူးပြောင်းခဲ့ကြသည်။ ကိုလံဘီယာ၊ ဂွါတီမာလာနှင့် ပီရူးတို့ အပါအဝင် လက်တင်အမေရိက နိုင်ငံများသည် အသေးစား၊ ရပ်ရွာအခြေပြု ကလေးထိန်းအစီအစဉ်များကို လက်ခံကျင့်သုံးကြသည်။ ချမ်းသာသောနိုင်ငံများတွင် အတွေ့ရများသည့် အလုပ်ရှင်မှ ပေးဆောင်သော ပညာရေးဝန်ဆောင်မှုသည် ဆင်းရဲသောနိုင်ငံများတွင်သာ တဖြည်းဖြည်း ပေါ်ပေါက်လာပါသည်။ အဓိက စိန်ခေါ်မှုမှာ ဝင်ငွေနည်းသောနှင့် အလယ်အလတ်ရှိသော နိုင်ငံများတွင် တရားဝင်အလုပ်ခန့်အပ်ခြင်းသည် အလုပ်အကိုင်၏ ၃၀% သာ ရှိသည်။

အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများသည် အခြေခံပညာရေးထက် မူလတန်းကြိုတွင် ပို၍ ထင်ရှားသည်။ ၂၀၀၀ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အကြား မူလတန်းကြိုပညာရေးတွင် ပုဂ္ဂလိကကျောင်းများ၏ ရှယ်ယာသည် စုစုပေါင်းကျောင်းအပ်နှံမှု၏ ၂၈.၅% မှ ၃၇% အထိ တိုးလာပြီး အရှေ့နှင့် အရှေ့တောင်အာရှတွင် ၅၅% အထိ တိုးလာသည်။ တရုတ်နိုင်ငံတွင် 'ကဏ္ဍာန်စုတပြိုင်နက် ဖွံ့ဖြိုးတိုးတက်မှု' မူဝါဒအရ ပုဂ္ဂလိက အဖွဲ့အစည်းများ၏ ရှယ်ယာသည် ၃၁% မှ ၅၇% အထိ တိုးမြင့်လာသည်။ ဗီယက်နမ်တွင် ပုဂ္ဂလိကကျောင်းအပ်နှံမှုဝေစုသည် ၂၀၀၃ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းမှ ၂၀၁၄ ခုနှစ်တွင် ၁၂ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။ ပုဂ္ဂလိက အဖွဲ့အစည်းများ၏ ရှယ်ယာသည် ယူကရိန်း အပါအဝင် အရှေ့ဥရောပနိုင်ငံများတွင် ၁% ထက်နည်းပြီး၊ ကာရေဘီယံ (ဥပမာ– အန်တီဂွါနှင့် ဘာဘူဒါ) နှင့် ပစိဖိတ်သမုဒ္ဒရာဒေသအတွက် ၉၅% ကျော်အထိ ပံ့ပိုးပေးမှုမှာ ရပ်ရွာအခြေပြု (ဥပမာ – ဗာနူအာတူ) သို့မဟုတ် ဘာသာရေး မစ်ရှင်များ (ဥပမာ ဆာမိုအာ) နှင့် ဆက်စပ်နေပါသည်။ အယ်လ်ဂျီးရီးယားနှင့် အီဂျစ်တို့က ဦးဆောင်သော အာဖရိကမြောက်ပိုင်းနှင့် အနောက်အာရှဒေသသည် ၂၀၀၀ ပြည့်နှစ်တွင် ၅၃% မှ ၂၀၁၉ ခုနှစ်တွင် ၃၆ % ထိ မူလတန်းကြို ပညာရေးအတွက် ပုဂ္ဂလိက ကျောင်းအပ်နှံမှုဝေစုအများဆုံး ကျဆင်းသွားသည့်ဒေသဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့်၊ ၂၀၀၀ နှင့် ၂၀၁၈ ကြားတွင်၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၏ဝေစုသည် အစ္စရေးတွင် ၅% မှ ၃၆% နှင့် ကူဝိတ်တွင် ၂၆% မှ ၄၅% အထိ တိုးလာသည်။

အစိုးရ မဟုတ်သော မူလတန်းကြိုပညာရေး စရိတ်သည် အဆင်းရဲဆုံးသူများအတွက် အလွန်မြင့်မားနိုင်သည်။ အိမ်ထောင်စုစစ်တမ်းများအရ အုပ်ချုပ်ရေး ဒေတာသည် ဆာဟာရဒေသခွဲ ခုနစ်ခု အနက် ခြောက်ခုတွင် အစိုးရမဟုတ်သော ကျောင်းများတွင် စာရင်းသွင်းမှု ဝေစုကို ပျမ်းမျှအားဖြင့် ၂၀ ရာခိုင်နှုန်း လျှော့တွက်ထားကြောင်း ဖော်ပြသည်။ အစိုးရမဟုတ်သော ဝန်ဆောင်မှုသည် ငွေကြေးတတ်နိုင်သော ချမ်းသာသော အိမ်ထောင်စုများရှိသော မြို့ပြဒေသများတွင် ပိုမိုအသုံးများကြပြီး မြို့ပြဒေသများ၏ လိုအပ်ချက်များကို အဓိကအားဖြင့် ဖြေရှင်းသည်။ နှစ်စဉ်အိမ်ထောင်စုသုံးစွဲမှု၏ဝေစုအနေဖြင့် ပုဂ္ဂလိက မူလတန်းကြိုပညာရေးသည် ဂါနာရှိ အချမ်းသာဆုံးအတွက် ၆% နှင့် အဆင်းရဲဆုံးများအတွက် ၁၇%၊ အီသီယိုးပီးယားတွင် ညီမျှသော ၄% နှင့် ၂၁% ရှိပါသည်။

အစိုးရ မဟုတ်သော ဝန်ဆောင်မှုများသည် အုပ်ချုပ်ရေးနှင့် စည်းမျဉ်းများကို စိန်ခေါ်သည်။ အစိုးရ မဟုတ်သော အင်အားစုများ များပြားခြင်းသည် အုပ်ချုပ်ရေးကို ရှုပ်ထွေးစေသည်။ ကမ္ဘောဒီးယားတွင် ရပ်ရွာမူကြို ကျောင်းများအတွက် သီးခြားစည်းမျဉ်းများနှင့် အဓိန့်များရှိသည်။ သီရိလင်္ကာတွင် ကဏ္ဍာပေါင်းစုံ စည်းမျဉ်းစည်းကမ်းမူဘောင်မရှိခြင်းက ဝန်ကြီးဌာနများစွာ (ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးရေးရာ) နှင့် ပြည်နယ်ကောင်စီများ၏ လုပ်ငန်းတာဝန်များ ထပ်နေပါသည်။ နိုင်ဂျီးရီးယားနိုင်ငံ၊ လယ်ဂိုးတွင်၊ ပုဂ္ဂလိက မူကြိုကျောင်းသည် အခကြေးငွ (၄၈%) ထက် အခကြေးငွေမြင့်မားစွာ (၆၈ ရာခိုင်နှုန်း) ကောက်ခံပါက ပြည်နယ်ပညာရေးဝန်ကြီးဌာနမှ စစ်ဆေးမည့်ဖြစ်နိုင်ခြေ ပိုများသည်။ ကင်ညာနိုင်ငံ၊ နိုင်ရိုဘီတွင် ကျေးရွာစာသင်ကျောင်းများသည် ဘာသာရေး၊ ပရဟိတ သို့မဟုတ် အကျိုးအမြတ်အတွက် ကျောင်းများထက် မကြာခဏ စစ်ဆေးခံရသည်။

အစိုးရ မဟုတ်သော ဝန်ဆောင်မှုပေးသူများ၏ အရည်အသွေးသည် အလွန်ပြောင်းလဲနိုင်သည်။ ဝင်ငွေ နည်းသောနှင့် အလယ်အလတ်ရှိသော နိုင်ငံအများ အပြားတွင် ပုဂ္ဂလိက ဆရာ/ဆရာမများသည် အများပိုင်းကဏ္ဍလုပ်ဖော်ကိုင်ဖက်များထက် လုပ်ငန်းခွင် မဝင်မီ ပြင်ဆင်ခြင်းနှင့် လုပ်ငန်းခွင် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများနည်းပါးသည်။ ပုဂ္ဂလိကဆရာများ အတွက် အနည်းဆုံးလိုအပ်ချက်များမရှိသောကြောင့် အများပိုင် ပညာရေး သူငယ်တန်းဆရာ ၇၅% နှင့် ပုဂ္ဂလိက ကျောင်းဆရာများ၏ ၈% သာ ဂါနာ ပညာရေး ဝန်ဆောင်မှု၏ လေ့ကျင့်ရေးအစီအစဉ်ကို တက်ရောက် ကြသည်။ ဘရာဇီးတွင်ကဲ့သို့ အစိုးရ မဟုတ်သော မူကြို များတွင် အင်္ဂလိပ်ဘာသာစကားကို သင်ကြားမှုကြားခံ အဖြစ် အသုံးပြုခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုအလိုက် သင့်လျော်သော သင်ရိုးညွှန်းတမ်းနှင့် အရည်အသွေး ဆိုင်ရာ လူကြိုက်များသော ခံယူချက်များကြား တင်းမာမှု၏ ဥပမာတစ်ခုဖြစ်သည်။

ဝင်ငွေနည်းနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံ အနည်းငယ်တွင် ကြီးကြပ်ရေး လိုအပ်ချက်များကို ကျော်လွန်သော အရည်အသွေး အာမခံချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများရှိသည်။ ဂျမေကာတွင် ပညာရေး ကို အဓိကအားဖြင့် အစိုးရ မဟုတ်သောသူများက ပံ့ပိုးပေးနေသောအခါ ပညာရေးဝန်ကြီးဌာနသည် အရည်အချင်းပြည့်မီသော စစ်ဆေးရေးမှူးများ လိုအပ် သည်။ အခြားဝန်ထမ်းများသည် ကလေးများ၊ ဆရာများ၊ မိဘများ၊ ပြုစုစောင့်ရှောက်သူများနှင့် အသိုင်းအဝိုင်း အဖွဲ့ဝင်များကြား အပြန်အလှန် ဆက်သွယ်မှုနှင့် ဆက်ဆံ ရေးများပါဝင်သော အမျိုးသားအဆင့် စံနှုန်း ၁၂ ခုအပေါ် အခြေခံ၍ လစဉ်စောင့်ကြည့်ရေး ကွင်းဆင်းလေ့လာမှု များကို ပြုလုပ်သည်။ ဖိလစ်ပိုင်တွင် အစိုးရမှ တရားဝင် အတည်ပြုထားသော ကလေးဘဝအစောပိုင်း ဖွံ့ဖြိုး တိုးတက်မှုကို စစ်ဆေးရန် စာရင်းများကို အသုံးပြု၍ အမျိုးသားအဆင့် စံနှုန်းများနှင့် တတ်ကျွမ်းမှုများကို စောင့်ကြည့်စစ်ဆေးသည်။

အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများသည် ECCE အတွက် တီထွင်ဆန်းသစ်ပြီး ထောက်ခံအားပေးကြ သည်။ သမိုင်းကြောင်းအရ၊ ကလေးဗဟိုပြုသင်ကြား ရေး မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုထားသော ပညာရေးသမားများသည် အစိုးရ ပညာရေးစနစ်၏ အပြင်ဘက် သို့မဟုတ် ဆက်စပ်သော နေရာတွင် အလုပ်လုပ်ခဲ့ကြသည်။ ပညာရေးသုတေသီများသည် အစောပိုင်းကလေးဘဝ ပညာရေးပရိုဂရမ်များ၏ ရေရှည်သက်ရောက်မှုအပေါ် အာရုံစိုက်ခဲ့ပြီး ထိုကဲ့သို့သော အစီအစဉ်များကို ချဲ့ထွင် ရန် အစိုးရအာဏာပိုင်များကို အားပေးတိုက်တွန်းခဲ့ သည်။ အစိုးရ မဟုတ်သော ပါဝင်ပတ်သက်သူများသည် အပယ်ခံ ကလေးများ၊ ချီလီရှိ အချုပ်ခန်းများမှ မိခင် များ၊ ဖိလစ်ပိုင်ရှိ ဆင်းရဲနွမ်းပါးသော အလုပ်လုပ်ကိုင် နေသော မိဘများနှင့် ရိုမေးနီးယားရှိ အဖွဲ့အစည်း များတွင် အလုပ်လုပ်နေသည့် ကလေးများအတွက် စည်းရုံးလှုံ့ဆော်ကြသည်။ Bernard van Leer ဖောင် ဒေးရှင်း၊ Aga Khan ဖောင်ဒေးရှင်းနှင့် Open Society Foundations ကဲ့သို့သော အဖွဲ့အစည်းများသည် ECCE ပံ့ပိုးကူညီမှုနှင့် စည်းရုံးမှုကို လုပ်ဆောင်ခဲ့သည်။

အဆင့်မြင့်ပညာရေး

နိုင်ငံအားလုံးနီးပါးသည် အဆင့်မြင့် ပညာရေး ကို အစိုးရနှင့် အစိုးရမဟုတ်သော ပါဝင်ပတ်သက် သူများ၏ ပညာရေး ဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေးသည်။ ကမ္ဘာတစ်ဝှမ်းရှိ အဆင့်မြင့်ပညာရေး ကျောင်းသား များ၏ ၃၃% ခန့်သည် ပုဂ္ဂလိက ကျောင်းများတွင် စာရင်းသွင်းထားသည်။ အာရှအလယ်ပိုင်းနှင့် တောင်ပိုင်း၊ လက်တင်အမေရိကနှင့် ကာရေဘီယံတို့တွင် အများဆုံး ဖြစ်သည်။ အစိုးရမဟုတ်သော ပညာရေး ဝန်ဆောင်မှု များ တိုးပွားလာခြင်းက အမျိုးမျိုးသော လိုအပ်ချက် များကို ဖြည့်ဆည်းပေးသည်။ ဘာသာတရား သို့မဟုတ် ယဉ်ကျေးမှုကို ဦးတည်သော အဖွဲ့အစည်းများသည် သမိုင်းဓလေ့ထုံးတမ်းများနှင့် ချိတ်ဆက်ထားပြီး 'ကွဲပြားခြားနားသော' ပညာရေးအတွက် လိုအပ်ချက် ကို ဖြည့်ဆည်းပေးသည်။ သာလွန်ချမ်းသာသူများထံမှ 'ပိုမိုကောင်းမွန်သော' ပညာရေးတောင်းဆိုမှုအတွက်

အထက်တန်းလွှာအင်စတီကျူးရှင်းများ ပေါ်ပေါက်လာသည်။ နောက်ဆုံးအနေဖြင့် အထူးသဖြင့် အများသုံး ဘတ်ဂျက်အခြေအနေ တင်းကြပ်နေချိန်တွင် 'နောက်ထပ်' အဆင့်မြင့် ပညာရေးအတွက် တောင်းဆိုမှုများကြောင့် သေးငယ်ပြီး ကျောင်းခွဲမဟုတ်သော အင်စတီကျူးရှင်းများ မကြာသေးမီက ပေါ်ပေါက်လာခဲ့သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ပညာရေးစနစ် အရည်အသွေးအတွက် သက်ရောက်မှုရှိသည်။ အခကြေးငွေ အနည်းငယ်သာ ကောက်ခံသည့် အဖွဲ့အစည်းအများစုမှာ အသက်မွေးဝမ်းကြောင်းဆိုင်ရာ လေ့လာမှုနယ်ပယ် အနည်းငယ်ကိုသာ ပေးလေ့ရှိသည်။ အိန္ဒိယတွင် ပုဂ္ဂလိကကောလိပ်များ၏ ၄၀% ခန့်သည် ယေဘုယျအားဖြင့် ပညာရေးနယ်ပယ်တစ်ခုတည်းကိုသာ ပံ့ပိုးပေးသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရေးဝန်ထမ်းများသည် အချိန်ပြည့်ဖြစ်နိုင်ခြေနည်းပါးသည် – ဆီနီဂေါမှာ ၂၀% ထက်နည်းပြီး၊ ၎င်းတို့သည် အစိုးရအဖွဲ့အစည်းများမှ အချိန်ပိုင်း အလုပ်လုပ်သော ပါမောက္ခများ ဖြစ်ကြသည်။ မလေးရှားတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းငယ်များရှိ ဝန်ထမ်း၏ ၈၀% သည် အချိန်ပိုင်းအလုပ်လုပ်သူများ ဖြစ်သည်။ အမြတ်အစွန်းကို ဦးတည်ခြင်းသည် ဈေးကွက်အာရုံစူးစိုက်မှုနှင့် ပညာရေးတိုးတက်မှုထက် ထပ်ဆောင်း အရည်အသွေးစိန်ခေါ်မှုများကို ဖြစ်ပေါ်စေသည်။

အစိုးရ မဟုတ်သော ဝန်ဆောင်မှုများက သာတူညီမျှမှုဆိုင်ရာ စိုးရိမ်မှုများကို ဖြစ်ပေါ်စေသည်။ ဝင်ငွေမြင့်မားသောနှင့် အလယ်အလတ်ရှိသော နိုင်ငံများရှိ ကျောင်းအပ်နှံမှုစုစုပေါင်းတွင် အစိုးရ မဟုတ်သော ကျောင်းများ၏ အချိုးအစား ပိုများခြင်းသည် ကျောင်းတက်ရောက်မှုတွင် မညီမျှမှုများ ကြီးမားခြင်းနှင့် ဆက်စပ်နေသည်။ ဥရုဂွေးတွင် အစိုးရမဟုတ်သော ကျောင်းများမှ ကျောင်းသားဦးရေ၏ ၇၅% ကျော်သည် အချမ်းသာဆုံး ၅ ပုံ ၁ ပုံ မှ ဆင်းသက်လာပြီး အစိုးရကျောင်းတွင် တက်ရောက်မှု ၄၀% အောက်နည်းသည်။ သို့သော်လည်း အစိုးရ မဟုတ်သော အဖွဲ့အစည်းများသည် ဖယ်ထုတ်ခံရနိုင်ခြေရှိသည့် အုပ်စုများကို ပညာသင်ခွင့်ရရန် ကူညီပေးနိုင်သည်။ ဆော်ဒီအာရေဗျတွင် အမျိုးသမီးသီးသန့်သင်တန်းများကို ဖွင့်ပေးခြင်းဖြင့် အမျိုးသမီးများ ပညာသင်ခွင့်ကို တိုးချဲ့ပေးခဲ့ပြီး မလေးရှားတွင် လူမျိုးစုခွဲတမ်းဖြင့် အစိုးရကျောင်းများတွင် ပညာသင်ခွင့်မရသော တရုတ်နှင့် အိန္ဒိယလူမျိုးများကို ပညာသင်ကြားခွင့်ပေးသည်။ မည်သို့ပင်ဆိုစေကာမူ ထိုကဲ့သို့သော သီးခြားပညာရေး ပံ့ပိုးပေးမှုများက လူမှုပေါင်းစည်းမှုကို အန္တရာယ်ဖြစ်စေနိုင်သည်။

စည်းမျဉ်းစည်းကမ်းမူဘောင်များက အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများအပေါ် အစိုးရ၏အမြင်ကို ထင်ဟပ်နေတတ်သည်။ တင်းကျပ်သော စည်းမျဉ်းများသည် မယုံကြည်မှုနှင့် ဆက်နွယ်နေသော်လည်း ပိုမိုနှစ်သက်ဖွယ်အမြင်ဖြင့်ကြည့်လျှင် အစိုးရ မဟုတ်သော ပါဝင်ပတ်သက်သူများကို အသိအမှတ်ပြုခြင်း၊ စောင့်ကြည့်ခြင်းနှင့် ပြည်သူ့ဘဏ္ဍာငွေထောက်ပံ့မှုများလည်းရနိုင်သည်။ အချို့နိုင်ငံများတွင် စီးပွားဖြစ် အဖွဲ့အစည်းများအတွက် ပိုမိုတင်းကျပ်သော လမ်းညွှန်ချက်များ ချမှတ်ထားသည် – ၎င်းတို့ကို အာဂျင်တီးနားနှင့် ချီလီကဲ့သို့သော နိုင်ငံများတွင် လုံးဝတရားမဝင်သော အဖွဲ့အစည်းများအဖြစ် သတ်မှတ်နိုင်သလို ဖိလစ်ပိုင်တွင် အမြတ်အစွန်း ၁၀ % ကို ရင်းနှီးမြှုပ်နှံမှုတွင်သုံးရန် စသည့် ဘတ်ဂျက်ခွဲဝေမှုအပေါ် ကန့်သတ်ချက်များ ရင်ဆိုင်နေရသည်။ ခြုံငုံအားဖြင့်၊ အရည်အသွေးအာမခံမှုယန္တရားများသည် လှည့်စားသောစီးပွားရေးအလေ့အကျင့်များတွင် ပါဝင်သည့် သို့မဟုတ် အရည်အသွေးနိမ့်သော ဝန်ဆောင်မှုများကို ပေးဆောင်သည့် နိုင်ငံများရှိ အဖွဲ့အစည်းများကို ဖျက်သိမ်းရန် ကူညီပေးသည်။ ၂၀၁၇ ခုနှစ်တွင် Pakistan's Higher Education Commission မှ နိုင်ငံအတွင်း တရားမဝင် လုပ်ဆောင်နေသော အဖွဲ့အစည်းပေါင်း ၁၅၃ ခုကို ဖော်ထုတ်ခဲ့သည်။ သို့သော် အစိုးရ မဟုတ်သော အဖွဲ့အစည်းများကို အသိအမှတ်ပြုရန်နှင့် စောင့်ကြည့်ရန် အရင်းအမြစ်များမှာ နည်းပါးနေပါသည်။

သာတူညီမျှမှုမြှင့်တင်ရေး စည်းမျဉ်းများသည် အုပ်ချုပ်ရေး စည်းမျဉ်းများထက် နည်းပါသည်။ ဆင်းရဲနွမ်းပါးသော အုပ်စုများ၏ အဆင့်မြင့်ပညာရေး သင်ကြားခြင်းများပြားလာစေရန် အတွက် ခွဲတမ်းများ သို့မဟုတ် အထူးဝင်ခွင့်သတ်မှတ်ချက်များကို အစိုးရ မဟုတ်သော ဝန်ဆောင်မှုပေးသူများထံ ပေးအပ်ထားခြင်း မရှိပါ။ ပေးအပ်ထားလျှင်လည်း အိန္ဒိယတွင်ကဲ့သို့ ၎င်းတို့သည် အများအားဖြင့် အစိုးရရန်ပုံငွေရရှိထားသည့် အဖွဲ့အစည်းများအတွက်သာဖြစ်သည်။ ခြွင်းချက်အနေဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဘိုလီဗီးယားနှင့် အီကွေဒေါတွင်ကဲ့သို့ ကျောင်းသားအချို့အား ထောက်ပံ့ကြေး သို့မဟုတ် ပညာသင်ဆုများပေးရန်နှင့် အဇာဘိုင်ဂျံနှင့် ကင်ညာတွင်ကဲ့သို့ ကျောင်းသားအခကြေးငွေကို ကန့်သတ်ခြင်းများ ပါဝင်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ငွေကြေးထောက်ပံ့မှု ပုံစံများသည် အရည်အသွေးနှင့် သာတူညီမျှမှုအပေါ် သိသိသာသာ သက်ရောက်မှုများရှိသည်။ အထူးသဖြင့် သေးငယ်ပြီး အထက်တန်းလွှာမဟုတ်သော အစိုးရမဟုတ်သော အဖွဲ့အစည်းအများစုသည် ၎င်းတို့၏ ရန်ပုံငွေအတွက် အခကြေးငွေအပေါ် မှီခိုနေရသည်။ သို့သော် နိုင်ငံအများစုရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးကိုလည်း အစိုးရများက ကူညီပေးကြသည်။ အချို့သော ပညာရေးဝန်ထမ်းများကို အင်ဒိုနီးရှားတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် ထောက်ပံ့ထားပြီး ထိုင်းနိုင်ငံရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အထူးရန်ပုံငွေကို ရရှိပါသည်။ ပြည်သူ့ဘဏ္ဍာငွေများ သုံးစွဲခွင့်သည် သုတေသနအစပျိုးမှုများကို အားပေးခြင်း သို့မဟုတ် အခြေအနေအရဆိုလျှင် အဖွဲ့အစည်းများအား အရည်အသွေးသို့မဟုတ် သာတူညီမျှစံနှုန်းများ ပြည့်မီစေရန် တွန်းအားပေးခြင်းဖြင့် အစိုးရမဟုတ်သော ပံ့ပိုးမှုတိုးတက်စေရန် ကူညီပေးနိုင်သည်။

အိမ်ထောင်စုများသည် အဆင့်မြင့် ပညာရေးရန်ပုံငွေ၏ ရှယ်ယာအများအပြားကို ယူထားပြီး အစိုးရနှင့် အစိုးရမဟုတ်သော ပံ့ပိုးကူညီမှု နှစ်ခုလုံးကို လိုအပ်မှုမြင့်မားလာပါသည်။ ဘရာဇီးနှင့် ချီလီနိုင်ငံကဲ့သို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် ရည်ရွယ်ထားသော အခကြေးငွေ ထောက်ပံ့မှုများကို ပေးဆောင်နိုင်သည့် သို့မဟုတ် နိုင်ငံပေါင်း ၇၀ ကျော်တွင်ကဲ့သို့ အဆင့်မြင့်ပညာရေး ကျောင်းသားများအတွက် ချေးငွေအစီအစဉ်များကို ထောက်ပံ့ပေးနိုင်သည်။ အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများသည် ကုမ္ပဏီများ၊ ဖောင်ဒေးရှင်းများ၊ NGO များနှင့် ပရဟိတသမားများမှ ပေးဆောင်သော ပညာသင်ဆုများအပြင် ကျောင်းသားချေးငွေများ သို့မဟုတ် ဝင်ငွေမျှဝေမှု သဘောတူညီချက်များ ပေးဆောင်ခြင်းဖြင့် အိမ်ထောင်စုများအား ကုန်ကျစရိတ်များကို ကာမိစေရန် ကူညီပါသည်။

အစိုးရမဟုတ်သောသူများသည် အခကြေးငွေထက်ကျော်လွန်၍ အဖွဲ့အစည်းများကို ငွေကြေးကူညီကြသည်။ ဘုံယန္တရားများတွင် မြေဌားရမ်းခြင်း၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို စီးပွားဖြစ်ပြုလုပ်ခြင်း၊ ချေးငွေနှင့် စာချုပ်စာတမ်းများမှတစ်ဆင့် အရင်းအနှီးမြှင့်တင်ခြင်းကဲ့သို့သော စျေးကွက်လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ ၂၀၂၀ ခုနှစ် နှစ်လယ်တွင် ကမ္ဘာတစ်ဝှမ်းရှိ တက္ကသိုလ်များမှ ငွေချေးစာချုပ်များ ထုတ်ပေးမှုသည် US$ ၁၁.၄ ဘီလီယံအထိ ရှိလာခဲ့ပြီး ၂၀၁၉ ခုနှစ် ပမာဏထက် နှစ်ဆပိုများခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုရှိ အဆင့်မြင့်ကျောင်း စုစုပေါင်း၏ ထက်ဝက်ကျော်အတွက် အလှူရှင်များနှင့် ပရဟိတသမားများသည် အရေးကြီးသော ကျောင်းဝင်ကြေးကင်းလွတ်သော အရင်းအမြစ်အဖြစ် ကိုယ်စားပြုပါသည်။

အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများသည် လမ်းကြောင်းအမျိုးမျိုးမှတစ်ဆင့် အဆင့်မြင့်ပညာရေးကို လွှမ်းမိုးပါသည်။ သုတေသနမိတ်ဖက်ဆောင်ရွက်မှု၊ စည်းရုံးလှုံ့ဆော်ခြင်း၊ စီးပွားရေးလုပ်ငန်းကဲ့သို့သော အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် လှုံ့ဆော်ခြင်းကဲ့သို့သော အချို့သော ယန္တရားများသည် ပွင့်လင်းမြင်သာမှုနှင့် ကဏ္ဍကို အားကောင်းလာစေနိုင်သည်။ အခြားအရာများဖြစ်သော စီးပွားဖြစ် အဖွဲ့အစည်းများမှ နိုင်ငံရေးသမားများကို (ဥပမာ – ဘရာဇီးနှင့် အမေရိကန်တွင်) ကြီးမားသော လှူဒါန်းမှုများက မူဝါဒချမှတ်ခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပျက်ပြားသွားစေနိုင်သည်။

နည်းပညာ၊ သက်မွေးဝမ်းကျောင်းမှုနှင့် အရွယ်ရောက်ပြီးသူ ပညာရေး

အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများသည် နည်းပညာနှင့် သက်မွေးဝမ်းကျောင်း ပညာရေး ပံ့ပိုးပေးမှုကို တိုးချဲ့ပေးခဲ့သည်။ ကမ္ဘာတစ်ဝှမ်းတွင် အထက်တန်းအောင်ပြီးနှင့် အဆင့်မြင့်မဟုတ်သော ပညာရေးမှ ကျောင်းသား ၃၈.၅% သည် ၂၀၁၉ ခုနှစ်တွင် ကိုယ်ပိုင်ကျောင်းများကို ရွေးချယ်ခဲ့သည်။ OECD နိုင်ငံတွင်၊ ကာလတိုအဆင့်မြင့် အသက်မွေးဝမ်းကျောင်း ပရိဂရမ်များရှိ ကျောင်းသားများ၏ ၄၄% သည် ပုဂ္ဂလိက ကျောင်းများတွင် စာရင်းသွင်းခဲ့သည်။ အစိုးရမဟုတ်သော သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် နည်းပညာ၊ သက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်ရေး (TVET) စနစ်များကို လုပ်သားစွမ်းအားတောင်းဆိုမှုများနှင့်အညီ ပိုမိုတုံ့ပြန်ရန်နှင့် ပေါင်းစည်းထားသော အများပိုင် TVET စနစ်များရှိသည့် နိုင်ငံများတွင်ပင် ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ အခြားအခြေအနေများတွင်၊ အစိုးရမဟုတ်သောသူများသည် အစဉ်အလာအတိုင်း ဝယ်ယူမှု၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဖြင့် လေ့ကျင့်ရေး အစပျိုးမှုများနှင့် အများအားဖြင့် နိုင်ငံတော်မှ ညှိနှိုင်းဆောင်ရွက်ပေးသော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အသက်မွေးဝမ်းကျောင်း ပညာရေးကို ဖြည့်ဆည်းပေးပါသည်။ ဆင်းရဲသောနိုင်ငံများတွင် အစိုးရမဟုတ်သောသူများသည် ချို့တဲ့သော အုပ်စုများအတွက် TVET ကို ပိုမိုမျှတစွာ ဝင်ရောက်ခွင့်ပေးသည်။

အလုပ်ရှင်များသည် တရားဝင်နှင့်အလွတ်သဘော အလုပ်သင်တန်းများတွင် ပူးပေါင်းကြသည်။ နိုင်ငံပေါင်း ၃၃ နိုင်ငံတွင် အသက် ၁၅ နှစ်မှ ၃၅ နှစ်အရွယ် ပါဝင်သူ ၅ ဦးတွင် ၁ ဦးသည် ၎င်းတို့၏ ပညာရေး၏ အစိတ်အပိုင်းအဖြစ် အနည်းဆုံး အလုပ်သင် တစ်ကြိမ်သာ ပြုလုပ်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ ကျောင်းမှ အလုပ်အကူးအပြောင်း စစ်တမ်းက တွေ့ရှိခဲ့သည်။ ဝင်ငွေနည်းနိုင်ငံများတွင် ပါဝင်မှု နည်းပါးခြင်း သည် အလွတ်သဘော အလုပ်သမားဈေးကွက်နှင့် လေ့ကျင့်ရေးစနစ်များနှင့် ဆက်စပ်နေပါသည်။ လုံလောက်သော စည်းမျဉ်းနဲ့ အသိအမှတ်ပြုခြင်း မရှိလျှင် အလုပ်သင်ဆိုင်ရာ မက်လုံးများလည်း ပျောက်ကွယ်သွားနိုင်သည်။ ကြားခံအဖွဲ့အစည်းများက အလုပ်ရှင်များနှင့် ဆွေးနွေးမှုကို လွယ်ကူချောမွေ့စေပြီး သင်ယူမှုကို တိုးတက်စေကာ အထူးသဖြင့် ခိုင်မာသော အလုပ်သင်အစဉ်အလာမရှိသော နိုင်ငံများတွင် မှန်ကန်သော ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ပေးနိုင်သည်။

စဉ်ဆက်မပြတ် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးကို အများအားဖြင့် ပုဂ္ဂလိက အလုပ်ရှင်များက ပံ့ပိုးပေးသည်။ အစိုးရ TVET သည် အလိုအလျောက်စနစ်များ ဖြစ်လာကာ ပျောက်ကွယ်နိုင်သော အလုပ်အကိုင်များအတွက် အဓိကအားဖြင့် ပစ်မှတ်ထားသော်လည်း၊ ကျွမ်းကျင်မှုများကို ပြန်လည်စီစစ်ခြင်းနှင့် မြှင့်တင်ခြင်းကို သမားရိုးကျပညာရေးပြင်ပတွင် တွေ့ရသည်။ တရားဝင်မဟုတ်သော၊ အလုပ်ရှင်မှ ထောက်ပံ့ပေးသော သင်တန်းများ ပေါ်ပေါက်လာသည်နှင့် အမျှ ပေးအပ်သည့် သင်တန်းသည် ကုမ္ပဏီ၏ အရွယ်အစားနှင့် တိုက်ရိုက်သက်ဆိုင်သည်။ ကမ္ဘာ့ဘဏ်၏ STEP ကျွမ်းကျင်မှု တိုင်းတာမှု အစီအစဉ်မှ ရလဒ်များအရ အလုပ်ရှင်များသည် တရားဝင် အစိုးရ သို့မဟုတ် ပုဂ္ဂလိက ပံ့ပိုးပေးသော ပြင်ပပရိဂရမ်များထက် လုပ်ငန်းခွင် သင်တန်းပေးမှုကို ပိုမိုနှစ်သက်ကြောင်း ပြသပါသည်။

ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးစနစ်များတွင် ပူးပေါင်းပါဝင်အုပ်ချုပ်မှုသည် စိန်ခေါ်မှုဖြစ်သည်။ TVET စနစ်များသည် အဓိကအားဖြင့် ဗဟိုချုပ်ကိုင်မှုရှိနေပါသည်။ ကျွမ်းကျင်မှုများကို ပွင့်လင်းမြင်သာမှု ရှိစေရန်နှင့် ကိုက်ညီမှု ရှိစေရန် မြှင့်တင်ခြင်းသည် အစိုးရအာဏာပိုင်များအတွက် ဦးစားပေးဆောင်ရွက်ရမည့် အရာအဖြစ် ကျန်ရှိနေသေးသော်လည်း နိုင်ငံပေါင်း ၁၅၀ ကျော်ရှိ အမျိုးသားအရည်အချင်းမူဘောင်များက TVET အုပ်ချုပ်မှုတွင် ပိုမိုပူးပေါင်းပါဝင်ပြီး ရည်ရွယ်ချက်အတွက် အံဝင်ခွင်ကျဖြစ်စေရန် ရည်ရွယ်ထားသည်။ အပြည့်အဝ အကောင်အထည်ဖော်ခြင်းမရှိသော အရည်အသွေးအာမခံမှု ယန္တရားများက TVET စနစ်များ၏ ထိရောက်မှုကို အတားအဆီး ဖြစ်စေသည်။ ပုဂ္ဂလိကနှင့် ပညာရေးကဏ္ဍများအကြား အပြန်အလှန် အကျိုးပြုမှုများသည် သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးတိုးတက်ရေးထက် ကျွမ်းကျင်မှု ခွဲခြားသတ်မှတ်ခြင်းအပေါ် အာရုံစိုက်လေ့ရှိသည်။ စီးပွားရေးပြောင်းလဲမှုကို ကောင်းစွာကိုင်တွယ်ဖြေရှင်းနိုင်သော ကျွမ်းကျင်မှုစနစ်များသည် သုံးပွင့်ဆိုင်ချဉ်းကပ်မှုများအပေါ် မှီခိုကာ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ပါဝင်သူများနှင့် ပူးပေါင်းဆောင်ရွက်သည်။ လုပ်သားစွေးကွက် လိုအပ်ချက်များကို ပိုမိုနားလည်ရန် ကဏ္ဍအလိုက် ကျွမ်းကျင်မှုကောင်စီများမှတစ်ဆင့် အသိပညာ နှီးနှောဖလှယ်ရေးအတွက် အစိုးရ–ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများကို ဖွဲ့စည်းထားပါသည်။

ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးစနစ်များသည် အစိုးရနှင့် အစိုးရမဟုတ်သော ရန်ပုံငွေအပေါ် မှီခိုနေရသည်။ အစိုးရ၏ တိုက်ရိုက်ခွဲဝေပေးမှုများအပြင် TVET စနစ်များသည် သတ်မှတ်ထားသော သင်တန်းကြေးများ သို့မဟုတ် ကုမ္ပဏီများပါဝင်သည့် ရန်ပုံငွေများမှတစ်ဆင့် ကွဲပြားသောရန်ပုံငွေကို ရရှိရန် ကြိုးပမ်းကြသည်။ အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများသည် အပြုံင်အဆိုင်ဝယ်ယူမှုမှတစ်ဆင့် တိုက်ရိုက်ပါဝင်ပတ်သက်နေသော်လည်း ရလဒ်များ ရောထွေးနေသည်။ စည်းကြပ်မှုအစီအစဉ်များမှတစ်ဆင့် သင်တန်းများပေးရန် အလုပ်ရှင်များအား တွန်းအားပေးပါသည်။ သို့တိုင်၊ ကုမ္ပဏီများသည် သင်တန်းပေးခြင်းက လိုအပ်သော အရည်အချင်းများကို အလုပ်သမားစွေးကွက်မှ တိုက်ရိုက်ယူရန် မက်လုံးထက် အမြဲတမ်း နည်းပါးနေသောကြောင့် လေ့ကျင့်ရေးတွင် ရင်းနှီးမြှုပ်နှံမှု နည်းပါးနေပါသည်။ အစိုးရများသည် တစ်ဦးချင်း သင်ယူမှုအကောင့်များ သို့မဟုတ် ရပိုင်ခွင့်များမှတစ်ဆင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောအားဖြင့် သင်တန်းစရိတ်များကို ပေးခြင်းဖြင့် လူတစ်ဦးချင်းစီအား မက်လုံးများ ပေးသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ရပ်ရွာအဖွဲ့အစည်းများသည် အရွယ်ရောက်ပြီးသူ ပညာရေးကဏ္ဍများကို လွှမ်းမိုးထားသည်။ NGO များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ရပ်ရွာသင်ကြားရေးစင်တာများ၊ စာတတ်မြောက်ရေးအစီအစဉ်များမှတဆင့် ကျောင်းပညာရေးမှ ဖယ်ထုတ်ခံထားရသော အားနည်းသော အရွယ်ရောက်ပြီးသူ အုပ်စုများထံသို့ ဆက်သွယ်ရောက်ရှိကြသည်။ အချို့သော ကိစ္စများတွင် အစိုးရများသည် နိုင်ငံလုံးဆိုင်ရာ အရွယ်ရောက်ပြီးသူ စာတတ်မြောက်ရေးနှင့် ဒုတိယအခွင့်အရေး အစီအစဉ်များကို ပေးအပ်ရန် ၎င်းတို့၏ ဝန်ဆောင်မှုများကို မှီခိုနေရပါသည်။ အခြားအခြေအနေများတွင် ထိုအုပ်စုများသည် အထူးသဖြင့် လက်တင်အမေရိကရှိ ပြည်နယ်၏ အရွယ်ရောက်ပြီးသူ ပညာရေး ပြဋ္ဌာန်းချက်ကို စိန်ခေါ်ပြီး ဥပမာ – အရွယ်ရောက်ပြီးသူ စာတတ်မြောက်မှုတွင် အဓိကမဟုတ်သော ဘာသာစကားများကို မြှင့်တင်ခြင်း၊ အခြားအခြေအနေများတွင် အလျှော့ရှင်ဦးစားပေးမှုများဖြင့် လွှမ်းမိုးထားသည်။ အနောက်နှင့် အာဖရိက အလယ်ပိုင်းတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ပြင်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မဟာဗျူဟာသည် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများက ပညာရေးပံ့ပိုးပေးချိန်တွင် နိုင်ငံတော်မှ ကြီးကြပ်ခြင်းနှင့် အရင်းအမြစ်များကို ခွဲဝေပေးခြင်းဖြင့် အပြုသဘောဆောင်သည့် ရလဒ်များကို ဖြစ်ပေါ်စေခဲ့သော်လည်း အစိုးရမူဝါဒများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုကို ကန့်သတ်ထားသည်။

ပုဂ္ဂလိက ကဏ္ဍသည် အရွယ်ရောက်ပြီးသူ ပညာရေးတွင် အထူးသဖြင့် ဘာသာစကားသင်ယူမှုတွင် ၎င်း၏ အခန်းကဏ္ဍကို တိုးချဲ့ခဲ့သည်။ ပုဂ္ဂလိက ကုမ္ပဏီများသည် မကြာခဏဆိုသလို ကော်ပိုရိတ် လူမှုရေးတာဝန်ယူမှုအစပျိုးမှုများ သို့မဟုတ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပံ့ပိုးမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးမှ တစ်ဆင့် အရွယ်ရောက်ပြီးသူ ပညာရေးတွင် ပါဝင်ဆောင်ရွက်နိုင်ပါသည်။ ဘာသာစကားသင်ယူခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း ၏ ဆက်စပ်မှု ကြီးထွားလာခြင်းက စီးပွားဖြစ် ကုမ္ပဏီများကို ဆွဲဆောင်ခဲ့သည်။ အာဂျင်တီးနားနှင့် ပီရူးရှိ အင်္ဂလိပ်စာလေ့လာသူ ၄၀% ခန့်သည် ပုဂ္ဂလိက ဘာသာစကားသင်တန်းကျောင်းများတွင် သင်ကြားကြသည်။ မိုဘိုင်းအကူအညီဖြင့် ဘာသာစကားသင်ယူမှုမှာလည်း ပျံ့နှံ့နေသော်လည်း ၎င်း၏ ထိရောက်မှုမှာ အခြေအတင် ဆွေးနွေးဆဲ ဖြစ်သည်။

အကြံပြုချက်များ





အစိုးရနှင့် ပုဂ္ဂလိကဟူသည့် ရိုးရှင်းသော စကားလုံးနှစ်လုံးထက် သာလွန်ကာ အစိုးရမဟုတ်သော ကျောင်းအမျိုးအစား အမျိုးမျိုးရှိသည်။ ထို့အပြင် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများ၏ အခန်းကဏ္ဍသည် ပညာရေးအဆင့် အမျိုးမျိုးတွင် ပုံစံအမျိုးမျိုးနှင့် လွှမ်းမိုးမှု လမ်းကြောင်းများစွာမှ ပါဝင်ကာ ကျောင်းပညာရေးကို ပံ့ပိုးပေးခြင်းထက် ကျော်လွန်ပါသည်။ မူဝါဒချမှတ်သူများ အနေဖြင့် ပညာရေးတွင် အစိုးရမဟုတ်သူများ ပါဝင်ပတ်သက်မှုသည် သဘောတူညီထားသော အရည်အသွေးစံနှုန်းများကို ပြည့်မီခြင်းရှိ၊ မရှိ သာမက ပညာရေးတွင် သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်မှု ကြိုးပမ်းအားထုတ်မှုများကို ၎င်းတို့က မည်သို့ကူညီသည် သို့မဟုတ် ဟန့်တားသည်ကို စဉ်းစားရမည် ဖြစ်သည်။

အစိုးရ၏ တာဝန်ဖြစ်သော ပညာရေးအခွင့်အရေးကို ကာကွယ်ဖြည့်ဆည်းပေးရေးနှင့် စပ်လျဉ်း၍ ရန်ပုံငွေနှင့် ပညာရေးပံ့ပိုးမှုဆိုင်ရာ မဟာဗျူဟာလမ်းညွှန်ချက် နှစ်ခုသည် အရေးပါလှသည်။ ပထမအချက်မှာ ကလေးများနှင့် လူငယ်များအားလုံး မူလတန်းအကြို တစ်နှစ်နှင့် မူလတန်းနှင့် အလယ်တန်း၊ အထက်တန်းပညာရေးကို ၁၂ နှစ်အထိ အခမဲ့၊ အစိုးရကျောင်းများမှ ထောက်ပံ့ခွင့် ရရှိစေမည်ဟု ၂၀၁၅ ခုနှစ်တွင် ကတိပြုခဲ့သည်။ သို့သော် နိုင်ငံသုံးနိုင်ငံလျှင် တစ်နိုင်ငံသည် GDP ၏ ၄% အောက်နှင့် စုစုပေါင်း ပြည်သူ့ဘဏ္ဍာအသုံးစရိတ်၏ ၁၅% သာ ပညာရေးအတွက် မြှုပ်နှံထားသောကြောင့် အများစုမှာ လိုအပ်သော ရန်ပုံငွေနှင့် မကိုက်ညီပါ။ ဒုတိယအချက်မှာ အစိုးရများသည် ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းနှင့် စီမံခန့်ခွဲရာတွင် မည်မျှ ခိုင်မာသော အခန်းကဏ္ဍမှ ပါဝင်မည်ကို ဆုံးဖြတ်ရန် လိုအပ်ပါသည်။ ကျောင်းရွေးချယ်မှုနှင့် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများအပေါ် ၎င်းတို့၏ အမြင်များသည် ကျယ်ပြန့်စွာကွဲပြားသည်။

အစိုးရမဟုတ်သော အမျိုးမျိုးသော ပါဝင်ပတ်သက်သူများသည် ပညာရေးကဏ္ဍများစွာတွင် ပိုမိုသိသာထင်ရှားလာပါသည်။ စီးပွားရေးလုပ်ငန်းများက ပညာရေးသည် အကျိုးအမြတ်များသော လုပ်ဆောင်ချက်ဟုတ်မဟုတ်နှင့် ၎င်းတို့၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို မည်သို့ဈေးကွက်တင်ရမည်ဆိုသည်ကို ရွေးချယ်မှုများ ပြုလုပ်ကြပြီး၊ အစုရှယ်ယာရှင်များ သို့မဟုတ် အခြားသူများအပါအဝင် မည်သူကို တုံ့ပြန်ရမည်ကို ရွေးချယ်သည်။ NGO များနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် ဦးစားပေးများကို ရွေးချယ်ပြီး – ၎င်းတို့သည် ကွက်လပ်များကို ဖြည့်ဆည်းပေးသင့်သလား သို့မဟုတ်

နိုင်ငံတော်ကို စည်းရုံးလှုံ့ဆောင်သင့်ပါသလားနှင့် ပတ်သက်၍ မည်သို့ဖြေရှင်းရမည်ကို ဆုံးဖြတ်သည်။ ဖောင်ဒေးရှင်းများသည် ဦးစားပေးများကို သတ်မှတ်ပြီး လူ့အဖွဲ့အစည်းအပေါ် မည်ကဲ့သို့ လွှမ်းမိုးနိုင်သည်နှင့် ပညာရေးစနစ်များနှင့် မည်ကဲ့သို့ နီးနီးကပ်ကပ် လုပ်ဆောင်ရမည်ကို ရွေးချယ်သည်။ ဆရာ၊ ဆရာမများနှင့် ၎င်းတို့၏ အဖွဲ့အစည်းများသည် လူထုပညာရေးစနစ်အပေါ် ယုံကြည်မှုကို ခိုင်မာစေသော သို့မဟုတ် ပျက်ပြားစေမည့် ရွေးချယ်မှုများ ပြုလုပ်ကြသည်။

ရွေးချယ်ခွင့်ရှိသူ မည်သူနည်း။ ဆုံးရှုံးသူ မည်သူနည်း – အစီရင်ခံစာစုစည်းမှုသည် မူဝါဒချမှတ်သူများအတွက် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံရေးတွင် အခြေခံရွေးချယ်မှုများ ပြုလုပ်နိုင်ရန် ဖိတ်ခေါ်ချက်ဖြစ်သည်။ ရွေးချယ်ပိုင်ခွင့်နှင့် သာတူညီမျှမှုအကြား၊ အစပျိုးလုပ်ဆောင်မှုများကို အားပေးခြင်း (ဆိုလိုသည်မှာ စနစ်ရှိ မည်သည့်နေရာတွင်မဆို အရည်အသွေးမြှင့်တင်ခြင်း) နှင့် စံချိန်စံညွှန်းများ သတ်မှတ်ခြင်း (ဆိုလိုသည်မှာ သင်ယူသူအားလုံးအတွက် အရည်အသွေးမြှင့်တင်ခြင်း) အကြား၊ မတူညီသော နည်းလမ်းများနှင့် လိုအပ်ချက်များရှိသော လူအုပ်စုများအကြား၊ ၎င်းတို့၏ ချက်ချင်းကတိကဝတ်များ (ဆိုလိုသည်မှာ SDG 4 အောက်တွင် အခမဲ့ပညာရေး ၁၂ နှစ်) နှင့် အဆင့်ဆင့် အကောင်အထည်ဖော်ရမည့်အရာများ (ဥပမာ – အထက်တန်းလွန်ပညာရေး) အကြားနှင့် ပညာရေးနှင့် အခြားသော လူမှုရေးကဏ္ဍများအကြားတွင် ရွေးချယ်မှုများ ပြုလုပ်နိုင်ရန်ဖြစ်သည်။

ဤအတွေးအမြင်များဖြင့် ပညာရေး၏ ဘဏ္ဍာရေး၊ အရည်အသွေး၊ အုပ်ချုပ်မှု၊ ဆန်းသစ်တီထွင်မှုနှင့် မူဝါဒချမှတ်ခြင်းတို့တွင် သာတူညီမျှမှုကို သေချာစေရန် အောက်ပါအကြံပြုချက်များကို ဆွေးနွေးထားပါသည်။ ရည်ရွယ်ချက်မှာ အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများ၏ ပံ့ပိုးကူညီမှုများသည် အရည်အသွေးပြည့်မီသော ပညာရေး၏ တန်းတူညီမျှမှုကို မထိခိုက်ဘဲ ဖြည့်ဆည်းပေးနိုင်ရန်ဖြစ်သည်။ ဤအလားအလာကို လှုံ့ဆော်ခြင်းသည် အစိုးရများအား အစိုးရကျောင်းပညာရေး၏ အရည်အသွေးနိမ့်ကျမှုနှင့် မညီမျှမှုကို ရည်ရွယ်ချက်ရှိရှိ ကိုင်တွယ်ဖြေရှင်းရန် စိန်ခေါ်မှုတစ်ခုဖြစ်နိုင်သည်။ အကြံပြုချက်များသည် အစိုးရများအတွက် အဓိကရည်ရွယ်ပြီး၊ သာတူညီမျှမှုနှင့် အကျုံးဝင်မှု ရှုထောင့်မှ အဓိကမေးခွန်းငါးခုအတွက် ရှင်းလင်းသော အဖြေများပေးရန် လိုအပ်သည်။ သို့သော် SDG 4 ၏ တိုးတက်မှုကို ပံ့ပိုးကူညီရန် ကတိပြုထားသော ပညာရေး ပါဝင်ပတ်သက်သူအားလုံးမှ ၎င်းတို့အား စည်းရုံးရေးကိရိယာအဖြစ် အသုံးပြုရန်လည်း ရည်ရွယ်ပါသည်။ ထို့ကြောင့်၊ အကြံပြုချက်များသည် အစိုးရနှင့် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများအားလုံးကို စည်းမျဉ်းများဖြင့် ပညာရေးအခွင့်အရေးကို သေချာစေရန် တောင်းဆိုထားသည်။

၁။ ပညာရေးဘဏ္ဍာငွေသည် သင်ယူသူအချို့ကို အခွင့်အရေးပေးပြီး၊ အခြားသူများကို ချန်လှပ်ထားပါသလား။

မူလတန်းအကြို ၁ နှစ်နှင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာရေးကို အခမဲ့ဖြစ်စေရန် ကတိကဝတ်များကို ဖြည့်ဆည်းပါ။ သို့သော် သာတူညီမျှမှုကို ကျိန်းသေရရှိထားသည် ဆိုပါက ပြည်သူ့ဘဏ္ဍာထောက်ပံ့မှု လိုအပ်ချက်သည် အစိုးရ ကျောင်းပညာရေးပေးအပ်ခြင်းကို မဆိုလိုပါ။



အစိုးရများက အခမဲ့ သင်ကြားခွင့်ရသော ပညာရေးကို အရည်အသွေးကောင်းအောင် လုပ်သင့်သည်။ အခမဲ့ပညာသင်ခွင့် ရရှိနိုင်စေရန် ကတိကဝတ်ပြုထားသည့် ၎င်းတို့၏ နိုင်ငံများတွင် အိမ်ထောင်စုများသည်

ပညာရေးဆိုင်ရာ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ အတွက် အခကြေးငွေမပေးကြောင်း သေချာစေရန် လိုအပ်ပါသည်။

အစိုးရများသည် အိမ်သုံးဝင်ငွေနှင့် အသုံးစရိတ်စစ်တမ်း များကို အသုံးပြု၍ လက်ငင်းပညာရေးအသုံးစရိတ် ကို စောင့်ကြည့်ရန် လိုအပ်ပါသည်။ ကောင်းမွန်စွာ မှတ်တမ်းတင်ထားခြင်းမရှိသော မညီမျှမှုကို တိုးပွားစေ သည့် ကုန်ကျစရိတ်များကို မကြာခဏ လျစ်လျူရှုကြ သည်။

အစိုးရနှင့် အစိုးရမဟုတ်သော ပံ့ပိုးပေးသူများအားလုံး သည် ကျောင်းသားများအား တူညီသောအခြေအနေများ ကို ပေးဆောင်ရမည်ဖြစ်သည်။ ပညာရေးတွင် ပြည်သူ့ ဘဏ္ဍာရန်ပုံငွေ ထောက်ပံ့ရန် ကတိကဝတ်ပြုခြင်းသည် ပညာရေးအားလုံးကို အစိုးရမှ ပေးအပ်ရမည်ဟု မဆိုလို ပါ။ သို့သော် ပညာရေးအဖွဲ့အစည်းများအားလုံးကို ဘုံစည်းမျဉ်းများ၊ ငွေကြေးပံ့ပိုးမှုနှင့် ကြီးကြပ်မှုယန္တရား များဖြင့် တစ်ခုတည်းသောစနစ်၏ တစ်စိတ်တစ်ပိုင်း အဖြစ် သဘောထားသင့်သည်။

ကွဲပြားသော ပညာရေးပံ့ပိုးပေးမှုတိုင်းသည် သာတူညီမျှ မှုကို သေချာစေသင့်သည်။ အစိုးရကျောင်းစီမံခန့်ခွဲမှုကို စာချုပ်ချုပ်ဆိုခြင်း၊ ပုဂ္ဂလိကကျောင်းများ၏ လုပ်ငန်း လည်ပတ်မှုကုန်ကျစရိတ်များကို ထောက်ပံ့ခြင်း သို့မဟုတ် မိမိတို့နှစ်သက်ရာကျောင်းသို့ တက်ရောက် ရန် အိမ်ထောင်စုများအား ရန်ပုံငွေ ပံ့ပိုးပေးခြင်းသည် ချမ်းသာသော ကျောင်းသားများအတွက် အကျိုးအမြတ် ဖြစ်ထွန်းခြင်းကို လွယ်ကူစွာ အဆုံးသတ်နိုင်သည်။


ကျောင်းများသည် ကျောင်းသားများကို မရွေးချယ် သင့်ပါ။ နိုင်ငံများသည် ကျောင်းဝင်ခွင့်မူဝါဒများတွင် ထင်ဟပ်ရမည့် နိယာမဖြစ်သည့် ပညာရေးတွင် ခွဲခြား ဆက်ဆံခြင်းမပြုရန် ကတိပြုထားသည်။ ထိုမှတပါး၊ မိသားစုများနှင့် ကျောင်းသားများ၏ ကျောင်းရွေးချယ် ခွင့်သည် မညီမျှမှုကို ပိုမိုဆိုးရွားစေခြင်းမျိုး မဖြစ်သင့်ပါ။

နိုင်ငံတော်မှ ထောက်ပံ့သော အစိုးရမဟုတ်သော ဝန်ဆောင်မှုပေးသူများသည် မည်သည့်အခကြေးငွေ ကိုမျှ ကောက်ခံခြင်း မပြုသင့်ပါ။ နိုင်ငံတိုင်းက မူလ တန်းကြို၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရေးသည် အခမဲ့ဖြစ်ကြောင်း သေချာစေရန် ရည်ရွယ်ထားသင့်သော်လည်း အများစုမှာ ဤစံနှုန်း နှင့် ဝေးကွာနေပါသည်။ အစိုးရအထောက်အပံ့ယူ သော ပုဂ္ဂလိက အဖွဲ့အစည်းများပင်လျှင် အခကြေးငွေ ကောက်ခံပါသည်။

စီးပွားဖြစ် ပြုလုပ်ခြင်းသည် မူလတန်းကြို၊ မူလတန်း အလယ်တန်းနှင့် အထက်တန်းပညာရေး အခမဲ့ရရှိ ရေး ကတိကဝတ်များနှင့် မကိုက်ညီပါ။ မညီမျှမှုကို ပိုမိုဆိုးရွားစေသော ကျောင်းရွေးချယ်မှု မူဝါဒများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် စီးပွားဖြစ် ပြုလုပ်ခြင်း ကို ထိန်းကျောင်းခြင်း သို့မဟုတ် တားမြစ်ခြင်းအား အသုံးပြုနိုင်သည်။

၂။ သင်ယူသူတိုင်းသည် ၎င်းတို့ရပိုင်ခွင့် ရှိသော ပညာရေးအရည်အသွေးကို ရရှိကြသလား၊ သို့မဟုတ် အချို့သည် ကာလတို ပြောင်းလဲမှုများသာ ဖြစ်ပါသလား။

အစိုးရနှင့် အစိုးရမဟုတ်သော ပညာရေးအဖွဲ့အစည်း များအားလုံးနှင့် သက်ဆိုင်သည့် အရည်အသွေးစံနှုန်း များကို ချမှတ်ပါ။



အစိုးရများသည် ပညာရေးအဖွဲ့အစည်းများအားလုံး နှင့် သက်ဆိုင်သည့် အရည်အသွေးစံနှုန်းများကို ချမှတ် ရန် လိုအပ်ပါသည်။ သွင်းအားစုများသာမက ရလဒ်များ

ကိုပါ အကျုံးဝင်စေသော အရည်အသွေးစံနှုန်းများသည် ဆုံးရှုံးမှု အများဆုံး ဖြစ်နိုင်မည့်သူများကို ကာကွယ်ပေးပါသည်။ စံနှုန်းများတွင် ဘေးကင်းရေးနှင့် အကျုံးဝင်မှုလည်း ပါဝင်သင့်ပြီး ကျောင်းများ၏ လက်ရှိ အခြေအနေကို တိုးတက်အောင် ကူညီပေးသင့်သည်။ အစိုးရသို့မဟုတ် အစိုးရ မဟုတ်သော ကျောင်းတစ်ကျောင်းစီအတွက် စံနှုန်းများ အောင်မြင်မှုကို အကဲဖြတ်ပြီး၊ အများသိစေရန် အစီရင်ခံသင့်ပါသည်။

ဆရာ၊ ဆရာမများကို *ကျောင်းအားလုံးတွင် ကျွမ်းကျင်သူများအဖြစ် တန်ဖိုးထားသင့်သည်။* ဆရာ၊ ဆရာမများ၏ အရည်အချင်းများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများသည် ပံ့ပိုးသူများအလိုက် မကွဲပြားသင့်ပါ။ ပိုင်းခြားထားသော ဆရာ၊ ဆရာမ လုပ်အားစျေးကွက်များ၊ လစာ မညီမျှမှု ကွာဟချက်ကြီးမားမှုများနှင့် အခြေအနေများ သည် ဆွဲတ်ယွင်းနေသော ပညာရေးစနစ်၏ ခိုင်မာသော လက္ခဏာများဖြစ်သည်။ အစိုးရများသည် ထိုသို့သော မညီမျှမှုများ၏ မူလဇစ်မြစ်အားလုံးကို တဖြည်းဖြည်း ချင်း ဖြေရှင်းရန် လိုအပ်ပါသည်။


စံချိန်စံညွှန်းများကို ကြပ်မတ်ရန်နှင့် ပြဋ္ဌာန်းရန်အတွက် အရည်အသွေးအာမခံမှု ယန္တရားများထားရှိရန် လိုအပ်ပါသည်။ ကျောင်းစစ်ဆေးခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူမှုအကဲဖြတ်ခြင်းများမှတစ်ဆင့် အစိုးရ၏ ကြီးကြပ်ကွပ်ကဲမှုများသည် ဝန်ဆောင်မှုပေးသူ မည်သူပင်ဖြစ်ပါစေ တပြေးညီ လုပ်သင့်သည်။ ဤသို့သော ယန္တရားများကို တည်ဆောက်ရာတွင် နိုင်ငံတော်၏ အကောင်အထည်ဖော်နိုင်မှုကို ထည့်သွင်းစဉ်းစားသင့်သည်။

နိုင်ငံများသည် နည်းပညာ၊ အသက်မွေးဝမ်းကြောင်းနှင့် အဆင့်မြင့်ပညာရေးများတွင် ပိုမိုခိုင်မာသော အရည်အသွေးအာမခံမှု လုပ်ငန်းစဉ်များ လိုအပ်ပါသည်။ အစိုးရများသည် လေ့ကျင့်သင်ကြားမှုမြှင့်တင်ရန်အတွက် လူတစ်ဦးချင်း သို့မဟုတ် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ရသောကြောင့် လိမ်လည်မှုဒဏ်ခံရနိုင်ခြေရှိသည့် မသမာမှုအခံရဆုံးသူများကို အကာအကွယ်ပေးရန် လိုအပ်သည်။ အကျိုးအမြတ်ဖြစ် တက္ကသိုလ်များသည် အရည်အသွေး နယ်ပယ်၏ အနိမ့်ဆုံးအဆင့်တွင် ပညာရေးကို ပေးဆောင်ခြင်းနှင့် အကျင့်ပျက်ခြစားမှုတွင် ပါဝင်နေခြင်းအတွက် စိစစ်မှု ရှိရပါမည်။

အစိုးရများသည် ပုဂ္ဂလိက အပိုကျူရှင်များကို ပညာရေးစနစ်၏ အရည်အသွေးနှင့် သာတူညီမျှမှုအပေါ် အပျက်သဘောဆောင်သော သက်ရောက်မှုများ ဖြစ်ပေါ်ခြင်းကြောင့် တားမြစ်ရန် လိုအပ်ပါသည်။ မူဝါဒဆိုင်ရာ တုံ့ပြန်မှုများသည် ပိုမိုကောင်းမွန်သော ကျူရှင်ဆရာများ၏ သင်ကြားခွင့် လိုအပ်ချက်များကို ကြီးကြပ်ခြင်းမှ အွန်လိုင်း စာရင်းသွင်း မှုများအထိ ကွဲပြားသည်။ ပိတ်ပင်မှုများသည်လည်း ရွေးချယ်စရာတစ်ခုဖြစ်သော်လည်း တရားဝင်မဟုတ်သော စျေးကွက်များသို့ ဦးတည်သွားနိုင်သည်။ ဦးစားပေးအနေဖြင့် ဆရာလစာနည်းပါးခြင်းနှင့် နောက်ဆုံးအဆင့် စာမေးပွဲများကဲ့သို့ အရင်းခံအကြောင်းတရားများကို ဖြေရှင်းသင့်ပါသည်။

၃။ စည်းမျဉ်းများသည် ထိရောက်ပြီး ဖြစ်နိုင်ခြေရှိပါသလား သို့မဟုတ် ၎င်းတို့တွင် အခွင့်အလမ်း နည်းပါးသော သင်ယူသူများအတွက် မလိုလားအပ်သော အကျိုးဆက်များ ရှိပါသလား။

အစိုးရနှင့် အစိုးရ မဟုတ်သော ပညာရေးအဖွဲ့အစည်းများအားလုံးနှင့် သက်ဆိုင်သည့် ဘုံစောင့်ကြည့်ရေးနှင့် ပံ့ပိုးရေးလုပ်ငန်းစဉ်များကို ထူထောင်ပါ။




အစိုးရများသည် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများနှင့် မည်သို့ ပူးပေါင်းဆောင်ရွက်မည်ကို ရှင်းလင်းပြတ်သားသော မျှော်မှန်းချက်နှင့် မူဘောင်တစ်ခုရှိရန် လိုအပ်ပြီး၊ ထိုမျှော်မှန်းချက်ကို စည်းမျဉ်းများမှတစ်ဆင့် ဆက်သွယ်ပြောဆိုရမည်။ စည်းမျဉ်းများသည် စီမံခန့်ခွဲရေး အသေးစိတ်များနှင့် လက်တွေ့မကျသော စံနှုန်းများအပေါ်တွင်မဟုတ်ဘဲ ပညာရေးလုပ်ငန်းစဉ်များနှင့် ရလဒ်များအပေါ်တွင်သာ အာရုံစိုက်သင့်ပြီး အစိုးရနှင့် အစိုးရ မဟုတ်သော ကျောင်းများကို ဖိတ်ခေါ်ကာ ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းပါဝင်မှုဖြင့် အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းများ လုပ်သင့်သည်။

ပညာရေး ဝန်ဆောင်မှုပေးနေသူများအား ပညာရေး အာဏာပိုင်များက ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ အဖြစ် အမြဲတမ်း ထိန်းကျောင်းသင့်ပြီး ဈေးကွက်ထိန်းကျောင်းသူများ၏ စီးပွားဖြစ် အဖွဲ့အစည်းများကဲ့သို့ ဘယ်သောအခါမှ မပြုလုပ်သင့်ပါ။ အချို့သော ဝန်ဆောင်မှုပေးသူများသည် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ပညာရေး၊ ပုဂ္ဂလိက ဖြည့်စွက်ကျူရှင်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို စီးပွားဖြစ် လုပ်ကြသည်။ အလားတူ အခြားဝန်ဆောင်မှုပေးသူများကို လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ကြီးဌာနများ သို့မဟုတ် ဘာသာရေးအာဏာပိုင်များက ကြီးကြပ်သည်။

စည်းမျဉ်းများသည် ရိုးရှင်း၊ ပွင့်လင်းပြီး ထိရောက်မှုရှိရန် လိုအပ်သည်။ လိုအပ်သည့်နေရာတွင် စည်းမျဉ်းများဖြင့် ထိန်းကျောင်းနိုင်မှုသည် အနိမ့်ဆုံးဖြစ်ပြီး အကျင့်ပျက်ခြစားမှုအလားအလာမှာ အမြင့်ဆုံးဖြစ်သည်။ လက်တွေ့မကျသော စည်းမျဉ်းများဖြင့် ထိန်းကျောင်းရန်နှင့် ကျင့်သုံးရန် စွမ်းရည်ချို့တဲ့ပါက စည်းမျဉ်းများသည် သက်ဆိုင်မှုမရှိခြင်းနှင့် ထိရောက်မှု မရှိခြင်းကို ဖြစ်စေပါသည်။

အစိုးရများသည် ၎င်းတို့ထိန်းချုပ်လိုသော ဖြစ်စဉ်များ၏ အကြောင်းရင်းများကို ရိုးသားရန် လိုအပ်သည်။ စောင့်ကြည့်ခြင်းနှင့် ပံ့ပိုးမှုလုပ်ငန်းစဉ်များကို တပြေးညီဖြစ်ခြင်းဖြင့် အစိုးရများသည် ကလေးများ၏ပညာရေးကို ၎င်းတို့တက်ရောက်သည့် ကျောင်းအမျိုးအစားမခွဲခြားဘဲ ဂရုပြုကြောင်း ပြသသင့်သည်။ အစိုးရများသည် အစိုးရမဟုတ်သော ဝန်ဆောင်မှုပေးသူများနှင့် ကျောင်းများကို ထိထိရောက်ရောက် ဖွင့်လှစ်နိုင်ရန် မှန်ကန်သော မက်လုံးများပေး၍ ယုံကြည်မှုတည်ဆောက်ရန်လည်း လိုအပ်ပါသည်။

၄။ ပညာရေးအတွက် အကြံဉာဏ်ကောင်းများကို ပျိုးထောင်ပေးပါသလား သို့မဟုတ် အတားအဆီးဖြစ်စေပါသလား။



အများအကျိုးအတွက် ပညာရေးစနစ်ကတဆင့် ဆန်းသစ်တီထွင်မှု ပြန့်ပွားရေးကို ဆောင်ရွက်ပါ။

မူဝါဒချမှတ်သူများသည် ဆန်းသစ်တီထွင်မှုကို ဖော်ထုတ်နိုင်ပြီး စိတ်ကူးစိတ်သန်းကောင်းများ ဖွံ့ဖြိုးတိုးတက်ရန် အချိန်နှင့် နေရာများ ပေးနိုင်ရမည်။ အတွေးအခေါ်ကောင်းများကို မည်သူကမျှ လက်ဝါးကြီးအုပ်ခွင့်မရှိပါ။ ပညာရေးသည် လူမှုရေးကြိုးပမ်းမှုနှင့် ရှုပ်ထွေးသော စနစ်တစ်ခုဖြစ်သည်။ မူဝါဒချမှတ်သူများအတွက် စိန်ခေါ်မှုမှာ အထူးသဖြင့် လူအများက လက်တွေ့စမ်းသပ်မှုထက် လိုက်လျောညီထွေရှိမှုကို ပိုမိုနှစ်သက်ဖွယ်ရှိသည့်အခါတွင် ဆန်းသစ်တီထွင်မှုကို အားပေးရန်ဖြစ်သည်။

အားလုံးအတွက် အဆင်ပြေသော ပညာရေးစနစ်

တစ်ခု တည်ဆောက်ရန် အစိုးရသည် အတိုင်ပင်ခံ ချဉ်းကပ်နည်းကို ဦးစားပေး၍ အားလုံးနှင့် ပူးပေါင်း လုပ်ဆောင်သင့်သည်။ ဆန်းသစ်တီထွင်မှုကို မြှင့်တင်ရန်အတွက် ယုံကြည်မှု ဝန်းကျင်ကို တည်ဆောက်ရန် လိုအပ်ပါသည်။ အခြေအနေများ ဖန်တီးခြင်းနှင့် ပါဝင်သူများစွာ အပြန်အလှန် ပူးပေါင်းလုပ်ဆောင်နိုင်သည့် လမ်းကြောင်းများကို တည်ဆောက်ခြင်းသည် အများဆိုင်ပညာရေးစနစ်တွင် မတူညီသော အမြင်များနှင့် သင့်လျော်သော ကျွမ်းကျင်မှုရင်းမြစ်များရရှိခြင်းဖြင့် အကျိုးအမြတ် ဖြစ်ထွန်းစေပါသည်။

အစိုးရများသည် လူထုပညာရေးစနစ်တွင် ဆန်းသစ်တီထွင်မှုများ ပြုစုပျိုးထောင်ခြင်းကို စတင်ရန် လိုအပ်ပါသည်။ ၎င်းတို့က အကောင်းဆုံး ဖြစ်စေရန် လုပ်ဆောင်မည့် သတင်းကိုလည်း ဖြန့်ဝေဖို့လိုပါသည်။ ၎င်းတို့သည် သင်ယူမှုနှင့် သင်ယူမှုကို အဆုံးအဖြတ်ပေးသည့်အရာများကို စောင့်ကြည့်စစ်ဆေးသင့်ပြီး အလေ့အကျင့်ကောင်းများ ဖြစ်ပွားနေသည့်နေရာကို အကဲဖြတ်ကာ လက်တွေ့ကျင့်သုံးသူများအား အတွေ့အကြုံများဖလှယ်နိုင်စေရန် အရင်းအမြစ်များ ပံ့ပိုးပေးခြင်း၊ ကောင်းမွန်သော အကြံဉာဏ်များကို စမ်းသပ်လုပ်ဆောင်ပြီး ၎င်းတို့ကို အတိုင်းအတာတစ်ခု အထိ မြှင့်တင်ခြင်းတို့ ဆောင်ရွက်သင့်သည်။

အစိုးရများသည် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများထံမှ သင်ခန်းစာများကို ရှာဖွေသင့်သည်။ ဘေးဖယ်ခံ သင်ယူသူများအတွက် သတ်မှတ်ထားသော လွတ်လပ်ပြီး နေရာဒေသအလိုက် လိုက်လျောညီထွေရှိသော ချဉ်းကပ်မှုများသည် အစိုးရများအတွက် အကျိုးဖြစ်ထွန်းစေသော ထိုးထွင်းအမြင်သစ်များကို ထုတ်ပေးနိုင်သော်လည်း အစိုးရမဟုတ်သော ကျောင်းများကို မဆိုထားနှင့် အစိုးရကျောင်းများကိုကောင်းစွာစောင့်ကြည့်အကဲဖြတ်ခြင်း စွမ်းရည်နိမ့်ပါးခြင်းက ၎င်းတို့ကို တားဆီးထားသည်။

အစိုးရ၏ အခန်းကဏ္ဍမှာ ဆန်းသစ်တီထွင်မှုများ ထွက်ပေါ်လာရန် မှန်ကန်သော ပတ်ဝန်းကျင်ကို ဖန်တီးရန် ဖြစ်သည်။ 'ထုတ်လုပ်သူများ' က အခြားထုတ်လုပ်သူများနှင့် ယှဉ်ပြိုင်သည့် စျေးကွက်တစ်ခုအဖြစ် ပညာရေးကို မမြင်သင့်ပါ။ ယင်းအစား၊ အကြံဉာဏ်သစ်များကို မျှဝေရန်၊ စမ်းသပ်ရန်နှင့် ကောင်းမွန်သော သက်သေရှိပါက အစိုးရ၏ အကူအညီဖြင့် ပညာရေးစနစ်အားလုံး လက်ခံကျင့်သုံးရန်နှင့် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများကလည်း အမြတ်အစွန်းထက် စေတနာဝန်ထမ်း လုပ်ဆောင်ခြင်းဖြင့် အများအကျိုးအတွက် လုပ်ဆောင်ရန် လိုအပ်သည်။

၅။ လူထုပညာရေး စကားရည်လုပွဲအဖြစ် ပုံပေါ်လာစေရန် အားလုံး၏ စကားသံများကို တန်းတူညီတူ ထည့်သွင်းစဉ်းစားထားပါသလား။



အကျိုးစီးပွားများဖြစ်ပေါ်ခြင်းကို ပိတ်ဆို့ရန် လူထုပညာရေးမူဝါဒ လုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုနှင့် ခိုင်မာမှုကို ထိန်းသိမ်းပါ။

မူဝါဒချမှတ်သူများသည် သက်ဆိုင်သူအားလုံးထံမှ ထိုးထွင်းသိမြင်မှုနှင့် အမြင်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ သို့သော် မူဝါဒချမှတ်သူများသည် စကားသံအမျိုးမျိုးကို နားထောင်သင့်သလို ပွင့်လင်းမြင်သာမှု ရှိစေရန် တရားဝင် ပညာရေးဥပဒေ၊ မူဝါဒ၊ ကြီးကြပ်ရေးဆိုင်ရာများကို လူထုကို အသိပေးရန် မရှိမဖြစ် လိုအပ်ပါသည်။ တချို့က အများသူငှာကောင်းကျိုးထက် ၎င်းတို့၏ စျေးကွက်ဝေစု သို့မဟုတ် နိုင်ငံရေးအာဏာကို တိုးမြှင့်ရန် လုပ်ဆောင်ကောင်းလုပ်ဆောင်မည်။

အစိုးရများသည် ပြည်သူ့မူဝါဒအပေါ် လွန်ကဲစွာ လွှမ်းမိုးခြင်းမှ ကာကွယ်ရန် အကျိုးစီးပွားများဖြင့် စည်းရုံးခြင်းများကို စောင့်ကြည့်ရန်နှင့် ထိန်းကျောင်းရန် လိုအပ်ပါသည်။ ပြည်သူ့မူဝါဒလုပ်ငန်းစဉ်များတွင် ယုံကြည်မှုကို ထိန်းသိမ်းရန် နိုင်ငံရေးပါတီများသို့ အလှူငွေများ ထည့်ခြင်းကို တားဆီးသည့် လွတ်လပ်စွာ သတင်းရယူခွင့်ကို မြှင့်တင်ခြင်း ၊ အစိုးရ အကြီးတန်း အရာရှိများနှင့် တွေ့ဆုံခြင်း အပါအဝင် စွမ်းဆောင်ရည်ပေါ်မူတည်၍ ပွင့်လင်းမြင်သာမှု မြှင့်တင်ရေး အစီအမံအမျိုးမျိုးကို အသုံးချနိုင်ပြီး ပုဂ္ဂလိက အကျိုးအမြတ်အတွက် ရာထူးမှ နှုတ်ထွက်သော အစိုးရ အရာရှိများကို တားမြစ်သည့် စည်းမျဉ်း၊ စည်းရုံးလှုံ့ဆော်သူများနှင့် ၎င်းတို့၏ စပွန်ဆာများက ရာထူးရယူခြင်းကို ဆန့်ကျင်ခြင်းတို့ ပါဝင်သည်။ ဤအကြံပြုချက်များသည် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများနှင့် ထိတွေ့ဆက်ဆံရန် ပြတ်သားသော မူဝါဒလိုအပ်သည့် သာတူညီမျှမှုနှင့် အကျုံးဝင်မှုကို ဦးစားပေးသော နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း သက်ဆိုင်ပါသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များတွင် ပညာရေးကို စောင့်ကြည့်လေ့လာခြင်း

၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ အောင်မြင်ရန် အလယ်အလတ်မှတ်တိုင် နီးကပ်လာသည်နှင့်အမျှ၊ စောင့်ကြည့်လေ့လာရေး မူဘောင်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံများမှ ချမှတ်ထားသော ရည်မှန်းချက်များတွင် တိုးတက်မှုများ ရှိလာခဲ့သည်။ သို့သော် COVID-19 ကပ်ရောဂါသည် နှစ်ခုစလုံးတွင် ကြီးမားသော ဆုတ်ယုတ်မှုများကို ဖြစ်စေခဲ့သည်။ ပညာရေးတိုးတက်မှုကို စောင့်ကြည့်ရန် အသုံးပြုသည့် စံကိရိယာများကိုသာမကဘဲ ရည်မှန်းချက်များကိုလည်း ပြန်လည်စဉ်းစားရန် လိုအပ်ပါသည်။

နိုင်ငံများသည် နိုင်ငံအလိုက် SDG 4 စံနှုန်းများကို တင်သွင်းခဲ့ကြသည်။


